ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၂ ရက်၊ စနေနေ့၊ (29-11-2008) (၅၈၇၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ကြီး အမွန့်ရှည်တည်တံ့ခိုင်မာရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ပြည်ထောင်စုကြီး နယ်မြေဒေသတစ်ခုနှင့်တစ်ခုကြား ကွာဟချက်လျော့နည်းကျဆင်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ စားဝတ်နေရေးဖူလုံရေး မဆုတ်မနစ် ဆက်လက်ကြိုးပမ်း




နေပြည်တော် နိုဝင်ဘာ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) စတုတ္ထနေ့(ယနေ့)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသော သြဝါဒစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**မောင်တို့မယ်တို့**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးမှာ ကိုယ်စားလှယ်များအဖြစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) စတုတ္ထနေ့တွင် သြဝါဒစကားမြွက်ကြားစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)သို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြား

နေပြည်တော် နိုဝင်ဘာ ၂၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကို နိုဝင်ဘာ ၂၄ ရက်မှစတင်၍ နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)သို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၈နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် **စာမျက်နှာ ၇ ကော်လံ ၃ သို့ ❒**

ကြေးမုံ
The Mirror

၂၉-၁၁-၂၀၀၈
(စနေနေ့)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရေ၊ မြေသဘာဝ ကောင်းမွန်မှုကို အသုံးပြု ကုန်ထုတ်စွမ်းအားမြင့်မားအောင် စွမ်းဆောင်

လူတို့အတွက် အဓိကလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေးနှင့် နေထိုင်ရေးတို့ဖြစ်သည်။ ထိုလိုအပ်ချက်များကို မိမိတို့နိုင်ငံအတွင်းမှာပင် ဖြည့်ဆည်းနိုင်ပါသည်။ စားဝတ်နေရေးအတွက် ပြည်တွင်းတွင်ပင် လုံလောက်အောင် ဖြည့်ဆည်းနိုင်သည့်အကြောင်းရင်းမှာ စိုက်ပျိုးမြေပေါများခြင်း၊ ရာသီဥတုမျှတခြင်း၊ စိုက်ပျိုးရေလုံလောက်ခြင်း၊ လူ့စွမ်းအားအလုံအလောက်ရှိခြင်းနှင့် အထောက်အကူပစ္စည်းများ ပြည့်စုံခြင်းတို့ကြောင့်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံပိုလျှံရုံမျှမက အပိုအလျှံများကိုပင် တင်ပို့ရောင်းချနိုင်သည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော မြေအကျယ်အဝန်းမှာ ဧက ၃၁ သန်းကျော်ရှိပြီး ဧက ၄၃ သန်းကျော်အထိ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်းများစွာရှိသည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိသဖြင့် နှစ်သီးစား၊ သုံးသီးစားမြေများပါ ထည့်သွင်းရေတွက်ကြည့်လျှင် လက်ရှိစိုက်ပျိုးနေသော သီးနှံစိုက်ဧကမှာ ၅၁ သန်းကျော်ဖြစ်လာသည်။

မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ် စီးပွားရေးဇုန်အကျယ်အဝန်းမှာ ဧက ၅၈ ဒသမ ၆ သန်း(စတုရန်းမိုင် ၉၁၅၁၂)မိုင်ခန့်ရှိသည်။ မြန်မာ့ပင်လယ်စီးပွားရေးဇုန်တွင် သဘာဝရေသယံဇာတများ အမြောက်အမြား ရှိသည်။ ရှိသလောက်လည်း ရယူဖော်ထုတ်လျက်ရှိသည်။ ငါးပုစွန်ဖမ်းယူခြင်းလုပ်ငန်းမှ နှစ်စဉ်ဝင်ငွေ အမြောက်အမြားရလျက်ရှိပြီး ပြည်တွင်းစားသုံးမှုလောက်ငဖူလုံရုံသာမက ပြည်ပသို့ပါတင်ပို့နိုင်သည်။ မြန်မာနိုင်ငံရှိ အလုပ်လုပ်နိုင်သူလူဦးရေ ၃၆ သန်းကျော်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ ၂၃ သန်းကျော်ရှိသည်။

ယင်းသို့ မြေရှိသည်။ ရေရှိသည်။ ရာသီဥတုမျှတသည်။ လူ့လုပ်အားအပြည့်အဝရှိသည့် မြန်မာနိုင်ငံတွင် ပြည်တွင်းစားဝတ်နေရေးအတွက် ဖူလုံပိုလျှံရုံသာမက ပြည်ပသို့ပါတင်ပို့နိုင်သည့် စီးပွားဖြစ်အခွင့်အလမ်းကောင်းများ ရှိပြီးဖြစ်ရာ အဓိကလိုအပ်ချက်မှာ စွမ်းအားရှိသမျှ အလုပ်လုပ်ကြရန်နှင့် လုပ်သမျှ စနစ်ကျန မှန်ကန်ရန်သာ အရေးကြီးပေသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ မွေးမြူရေးလုပ်သားများသည် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်နေသော ယနေ့ကာလတွင် နိုင်ငံ၏ ရေမြေသဘာဝကောင်းမွန်မှုနှင့် အညီ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများကို ထိထိမိမိရယူ၍ ကုန်ထုတ်စွမ်းအား တိုးတက်အောင်၊ မိမိနှင့်နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိအောင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# အမှတ်(၂) စက်မှုဝန်ကြီးဌာန သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် 3D Modeling for Pro Engineer သင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်က အမှာစကားပြောကြားပြီး သင်တန်းခန်းမအတွင်း သင်ကြားပို့ချမှုကို ကြည့်ရှုအားပေးသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ဝန်ထမ်းများအား ကွန်ပျူတာဆိုင်ရာ ပညာရပ်များကို စီစဉ်သင်ကြားပေးလျက်ရှိရာ ကွန်ပျူတာအခြေခံသင်တန်း၊ ကွန်ပျူတာအသုံးပြု စက်မှုဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်ခြင်းသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ 3D Modeling for Pro Engineer သင်တန်းကို အသစ်ထပ်မံ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကျောက်ပန်းတောင်း အထက(၁) အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျောက်ပန်းတောင်းမြို့ အထက(၁)၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီတွင်အထက(၁)စကားဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မြို့ ဦးစိုးဝင်း ဖုန်း-၀၉ ၅၀၁၇၃၅၈၊ ဦးမြတ်မင်းလှိုင် ဖုန်း-၀၉ ၅၀၀၅၆၅၀၊ ဦးအောင်မိုး ဖုန်း-၀၉ ၅၁၃၈၆၉၆၊ ဦးစန်းလွင်ဦး ဖုန်း-၀၉၅၀၀၁၁၆၃၊ ဦးတင်သိန်းဟန် ဖုန်း-၀၉၅၃၂၁၉၁၉ (မန္တလေး)၊ ဦးကျော်စိန်ဝင်း ဖုန်း-၀၂-၃၆၃၁၂၊ ဦးသန်းဌေး ဖုန်း-၀၉၆၈၁ ၉၄၂၆၊ (နေပြည်တော်) Dr.စိုးစိုးနိုင် ဖုန်း-၀၆၇-၃၀၄၈၂၊ (အောင်ပန်း) ဦးဇော်မင်းခိုင် ဖုန်း-၀၉ ၅၂၁၀၃၈၉၊ (ကျောက်ပန်းတောင်း) ဦးမိုးဟိန်းစိုး ဖုန်း-၀၉ ၅၁၂၈၉၁၈၊ ဦးစံလင်းမောင် ဖုန်း-၀၆၁-၅၀၄၅၁၊ ဦးစုံမောင် ဖုန်း-၀၉ ၂၂၂၀၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မူးယစ်ဆေးဝါးပပျောက်ရေး၊ အိမ်သုံးဆေးဝါးများ အန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးပပျောက်ရေး၊ အိမ်သုံးဆေးဝါးများအန္တရာယ် ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဒုတိယရဲမှူးခင်မာဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန်းနိုင်၊ မြို့နယ်တရားသူကြီး ဦးတင်လတ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဥမ္မာမြင့်တို့က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ သုံးစွဲခြင်း၏ အန္တရာယ်ဆိုးကျိုးများ အကြောင်းကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

# သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၀/၂၀၀၈)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၀/၂၀၀၈)ဖွင့်ပွဲကို နိုဝင်ဘာ ၂၄ရက် နံနက် ၈နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၈ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကော့ကရိတ်မြို့ပေါ် ရပ်ကွက်များ၊ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ ပညာရေးဌာနမှ ကိုယ်စားလှယ်များဖြင့် အမှတ်(၁၄) အခြေခံပညာ မူလတန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

(ခရိုင်ပြန်/ဆက်)



# မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ် ပညာပေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးပပျောက်ရေး၊ အိမ်သုံးဆေးဝါးများအန္တရာယ် ဆိုးကျိုးများနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်က ပုဇွန်တောင်မြို့နယ် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် မူးယစ်ဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်း ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှရီက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အိမ်သုံးဆေးဝါးများ သုံးစွဲခြင်းအန္တရာယ် ဆိုးကျိုးများနှင့်ပတ်သက်၍ ပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

# ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက်က မြိတ်ခရိုင်ရုံး၌ ကျင်းပသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ဦးစီးအရာရှိတို့က လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီး တင်ပြဆွေးနွေးကြသည်။

(ခရိုင်ပြန်/ဆက်)

**☆ ရှေ့ဖုံးမှ**

တက်ရောက်လာကြတဲ့ မောင်တို့မယ်တို့ အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီ့အသင်းကြီးဟာ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ လူငယ်လူရွယ်တွေကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ အမျိုးသားရေးအင်အားစုကြီးဖြစ်တယ်။ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံမကဘဲ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်စေဖို့ စည်းရုံးရေးနည်းလမ်းအားဖြင့် အထောက်အကူပြုနိုင်ရေးဟာ အသင်းကြီးရဲ့ အဓိကတာဝန်ဖြစ်တယ်။ အသင်းကြီးရဲ့ ရည်မှန်းချက်များဟာ အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားတဲ့ ဖြူစင်ရိုးစင်းတဲ့ မျှော်မှန်းချက်များသာဖြစ်တဲ့အတွက် အမြဲရှင်သန်လျက်ရှိတယ်။

အသင်းကြီးရဲ့ ၁၅ နှစ်တာသက်တမ်းကာလအတွင်း အသင်းဝင်တွေဟာ ဒီ့ရဲ့ အန္တိမရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်တွေမှာ ပြည်သူများနဲ့ ပူးပေါင်းလက်တွဲပြီး ကျရာကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။ ပြည်သူများရဲ့ထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိခဲ့ပြီး အသင်းဝင်အင်အားဟာလည်း ၂၄ဒသမ ၆ သန်းအထိ တိုးလာခဲ့တယ်။ အသင်းဝင်များရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးမှုများကိုလည်း တွေ့ရတယ်။ အသင်းကြီးရဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ ပါဝင်ဆောင်ရွက်ရင်း စည်းရုံးနိုင်စွမ်းရှိမှု၊ အရည်အချင်းပြည့်ဝသော အရေအတွက်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်နိုင်စွမ်းရှိမှုများအတွက် ဂုဏ်ပြုရမှာဖြစ်တယ်။

**မောင်တို့မယ်တို့**

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ရဲ့သမိုင်းကြောင်းတစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲခဲ့မှုများရဲ့ ကောင်းမွေဆိုးမွေတွေကို ပစ်ပယ်လို့မရဘဲ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အရှိတရားအရ မှန်ကန်တဲ့အသိတရား၊ နိုင်ငံနဲ့လူမျိုးအပေါ် စောင့်သိအပ်တဲ့ သစ္စာတရားတို့နဲ့ လက်တွေ့အကောင်အထည်ဖော်ကြရတာဖြစ်တယ်။

ချမှတ်ထားတဲ့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သလို နိုင်ငံတော်နဲ့ပြည်သူအားလုံး လက်တွဲညီညီ ဆောင်ရွက်သွားရမည့် ကိုယ်ပိုင်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် အဆင့်ဆင့်လည်းဖြစ်တယ်။

ဒီနိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြိုးပမ်းအကောင်အထည်ဖော်ရာမှာ တိုင်းရင်းသားပြည်သူများရဲ့ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်တဲ့ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းအတွက် အဖျက်အမှောင့် လုပ်ရပ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသလို အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်တဲ့နောက်ပိုင်းမှာလည်း အမျိုးသားညီလာခံကြီးက စုံညီစွာ ဆုံးဖြတ်ချမှတ်ထားတဲ့မူများနဲ့ ရေးဆွဲပေါ်ထွက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်မပြုရေးအတွက် ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်တွေက အနှောင့်အယှက်မျိုးစုံပေးခဲ့ကြတယ်။ ဒီလိုအခက်အခဲ အနှောင့်အယှက်တွေကြားက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ တစ်နိုင်ငံလုံး မဲပေးခွင့်ရှိသူပေါင်း ၂၇သန်း ၂သိန်း ၈သောင်းကျော်ရှိသည့်အနက် ၂၆သန်း ၇သိန်း ၇သောင်းကျော် လာရောက်ဆန္ဒမဲပေးခဲ့ပြီး ၂၄သန်း ၇သိန်း ၆သောင်းကျော်တို့က ထောက်ခံဆန္ဒမဲ ပေးကြတဲ့အတွက် လာရောက်ဆန္ဒမဲပေးသူပြည်သူများရဲ့ ၉၂ဒသမ ၄၈ရာခိုင်နှုန်းရဲ့ ထောက်ခံမှုနဲ့ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်တယ်။ အနာဂတ်နိုင်ငံတော်သစ်အတွက် ပြည်သူတွေရဲ့ သဘောထားကို ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ပြသလိုက်ခြင်းပဲဖြစ်တယ်။

**မောင်တို့မယ်တို့**

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အဓိကအရေးပါဆုံးအဆင့်ကို ပြည်သူများရဲ့ ထောက်ခံမှုစွမ်းအား၊ ဒီ့အသင်းဝင်များရဲ့ စည်းရုံးမှုစွမ်းအား၊ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပြည်သူအကျိုးပြုလုပ်ငန်းတွေကို ထာဝစဉ်သယ်ပိုးနိုင်တဲ့ ဒီ့တပ်မတော်ရဲ့စွမ်းအားတွေရဲ့ အပေါင်းအစုကြောင့် အောင်မြင်ခဲ့ခြင်း ဖြစ်တယ်။ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ထူးခြားအရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အပါအဝင် ကျန်ရှိတဲ့အဆင့်တွေကိုလည်း ဆက်လက်အကောင်အထည်ဖော်ရန် စီမံထားပြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အနာဂတ်ဖွဲ့စည်းမှုဟာ သေချာရေရာ ခိုင်မာပြီးဖြစ်တယ်။

**မောင်တို့မယ်တို့**

ဒီလို တိုင်းပြု၊ ပြည်ပြုလုပ်ငန်းစဉ်ကြီးကို ကြိုးစားပမ်းစား အကောင်အထည်ဖော်နေချိန်မှာ သဘာဝမုန်တိုင်းဘေးအန္တရာယ်ကို မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရတာဖြစ်တယ်။ ပြည်သူနှစ်သန်းကျော် မှီတင်းနေထိုင်တဲ့ ဧရာဝတီတိုင်း တောင်ပိုင်းဒေသနဲ့ ရန်ကုန်တိုင်းတောင်ပိုင်းဒေသတွေမှာ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့တယ်။ အဆောက်အအုံအားလုံးနီးပါး ထိခိုက်ပျက်စီးခဲ့ရပြီး လှေသင်္ဘောများလည်း နစ်မြုပ်ဆုံးရှုံးခဲ့ကြတယ်။ သောက်သုံးရေအတွက် တူးဖော်ထားတဲ့ ရေတွင်း၊ ရေကန်များနဲ့ စိုက်ပျိုးမြေများ ပင်လယ်ရေငန် လွှမ်းမိုးထိခိုက်ခဲ့ရတယ်။ ပြည်သူတစ်သိန်းကျော်နဲ့ အိမ်မွေးတိရစ္ဆာန်အမြောက်အမြား သေဆုံးခဲ့ကြတယ်။ ဒေသခံပြည်သူများရဲ့ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားထုတ်လုပ်ရေးလုပ်ငန်းတွေလည်း ပြင်းထန်တဲ့ လေဒဏ်၊ လှိုင်းဒဏ်များကြောင့် ဆုံးရှုံးပျက်စီးမှုများနဲ့ ကြုံတွေ့ခဲ့ရတယ်။

မုန်တိုင်းသင့်ဒေသများမှာ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အပိုင်းက တုံ့ဆိုင်းမှုမရှိ ထိထိရောက်ရောက် ချက်ချင်းအရေးယူ ဆောင်ရွက်ခဲ့တယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်စေခဲ့တယ်။ အဖွဲ့အစည်းအလိုက်ရော၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများကို တစ်ဦးချင်းအလိုက်ပါ တာဝန်များပေးပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ရဲ့ ပေါင်းစုညီညွတ်တဲ့ စွမ်းအားများနဲ့ မနားမနေ ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။

ဒီ့အသင်းဝင်များဟာ မုန်တိုင်းစဲစကာလမှာပဲ မုန်တိုင်းသင့်ဒေသတွေမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြတယ်။ ပင်လယ်နဲ့ အလှမ်းကွာဝေးလှတဲ့ နိုင်ငံတော်မြောက်ဖျား၊ အရှေ့ဖျားတွေက အသင်းဝင်တွေဟာ ပင်လယ်ပိုင်းဒေသတွေက မုန်တိုင်းဒဏ်ခံရတဲ့ ကျေးရွာတွေအထိ ကွင်းဆင်းကူညီပေးခဲ့ခြင်းဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ဆွေမျိုးရင်းချာစိတ်ဓာတ်၊ ကိုယ်ချင်းစာနာတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းတဲ့ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို ပြဆိုခြင်းပဲဖြစ်တယ်။

**မောင်တို့မယ်တို့**

နာဂစ်မုန်တိုင်းရဲ့ ပြင်းထန်ခါးသီးတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ပြန်လည်တုံ့ပြန်ရာမှာ နိုင်ငံတော်ရဲ့ မှန်ကန်မြန်ဆန်တဲ့ ဦးဆောင်မှု၊ ပြည်သူတစ်ရပ်လုံးနဲ့ တပ်မတော်သားအပေါင်းက စာနာစိတ်အပြည့်နဲ့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၊ လေဘေးသင့်ပြည်သူများရဲ့ မိမိဒေသများကို ပြန်လည်ထူထောင်ရန် ပြင်းပြတဲ့ ဆန္ဒတွေကြောင့် အချိန်တိုအတွင်းမှာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့ ကမ္ဘာ့ဒေသအသီးသီးက စေတနာရှင် လူမှုရေးအသင်းအဖွဲ့များရဲ့ စာနာထောက်ထားမှု၊ အားပေးကူညီမှုတွေဟာလည်း အထောက်အကူရရှိစေခဲ့တယ်။

မုန်တိုင်းဒဏ်ကြောင့် ရွာလုံးကျွတ် အိုးအိမ်ဆုံးရှုံးခဲ့ရသူတွေအတွက် အိုးသစ်အိမ်သစ် ၆၂၄၂ လုံးကို ဒေသအလိုက် အကွက်ချတည်ဆောက်ပေးခဲ့ပြီး ဆက်လက်ဆောင်ရွက်နေဆဲဖြစ်တယ်။ မုန်တိုင်းသင့်နယ်မြေတွေမှာ တည်ဆောက်ထားတဲ့ ရေငန်တားတမံ ၄၁ ခု စုစုပေါင်းအရှည် ၆၇၄ မိုင်ကို ချက်ချင်းစစ်ဆေးပြီး ချို့ယွင်းပျက်စီးမှုတွေကို စိုက်ပျိုးရာသီအမီ ယာယီပြင်ဆင်ပေးနိုင်ခဲ့တယ်။ ထွန်ယက်ရေးအတွက် နိုင်ငံတော်နဲ့ စေတနာရှင်များက လက်တွန်းထွန်စက်ပေါင်း ၈၈၂၁ စီးနဲ့ ခိုင်းကျွဲခိုင်းနွားပေါင်း ၃၇၇၅ ကောင် ဖြန့်ဝေပေးခဲ့တယ်။ စက်သုံးဆီနဲ့ ထွန်စက်မောင်းသူတွေကအစ စီစဉ်ပေးခဲ့တယ်။ ဒေသနဲ့ကိုက်ညီတဲ့ မျိုးစပါးတင်းပေါင်း ၁၄ သိန်း နှစ်သောင်းကျော်ကို ရှာဖွေဖြန့်ဝေပေးနိုင်ခဲ့တယ်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရတဲ့ စိုက်ပျိုးမြေအားလုံးနီးပါး ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်တယ်။ ရေလုပ်ငန်းအတွက် လှေပေါင်းအစင်း ၉၆၂၀ နဲ့ ငါးဖမ်းပိုက်တွေဖြန့်ဝေပေးခဲ့ပြီး ပြန်လည်ထူထောင်ပေးခဲ့တယ်။ မကြာခင်ထုတ်လုပ်ဖို့အချိန် ကျရောက်လာတော့မည့် ဆားလုပ်ငန်းအတွက်လည်း အသင့်ဖြစ်အောင် စီမံပေးထားပြီးဖြစ်တယ်။

မုန်တိုင်းသင့်ဒေသတွေမှာ ပိုမိုအုပ်ချုပ်ကွပ်ကဲမှု ကောင်းမွန်စေဖို့အတွက် လပွတ္တာမြို့နယ်ကိုလည်း ခရိုင်အဆင့်အထိ တိုးမြှင့်ဖွဲ့စည်းပေးခဲ့တယ်။ လပွတ္တာနဲ့ ဖျာပုံမြို့တွေမှာ တိုင်းအဆင့် ခုတင် ၂၀၀ ဆေးရုံတစ်ရုံစီ၊ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးမြို့တို့မှာ ခရိုင်အဆင့် ခုတင် ၁၀၀ ဆေးရုံတစ်ရုံစီ အသစ်ဆောက်လုပ်ဖို့ စီစဉ်ပေးခဲ့တယ်။ တိုက်နယ်ဆေးရုံနဲ့ ကျေးလက်ဆေးပေးခန်းများကိုလည်း အဆင့်မြှင့်တင်မှု၊ အသစ်ဆောက်လုပ်မှုများနဲ့ အားဖြည့်ပေးခဲ့တယ်။ လေဘေးသင့်ဒေသ မိဘမဲ့ကလေးသူငယ်များကိုလည်း နိုင်ငံတော်က တာဝန်ယူစောင့်ရှောက်ပေးလျက်ရှိတယ်။ ရေရှည်စောင့်ရှောက်နိုင်ဖို့အတွက်လည်း လပွတ္တာနဲ့ဖျာပုံတို့မှ "လူငယ့်အားမာန် သင်တန်းကျောင်း"တစ်ကျောင်းစီ ဖွင့်လှစ်ထားရှိရေး စီမံပေးပြီးဖြစ်တယ်။

ပင်လယ်ကမ်းခြေဒေသတွေက ပြည်သူတွေ အရေးပေါ်ချိန်မှာ လုံခြုံအန္တရာယ်ကင်းစွာနဲ့ စုပေါင်းခိုလှုံနိုင်စေဖို့ လေဒဏ်၊ လှိုင်းဒဏ်ခံနိုင်တဲ့ အခိုင်အမာအဆောက်အအုံတွေကိုလည်း စနစ်တကျပုံစံထုတ်ပြီး တည်ဆောက်ပေးသွားမှာဖြစ်တယ်။ ဒါ့အပြင် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အားထားရတဲ့ ပင်လယ်ပိုင်းဒေသတွေကို ကုန်းလမ်းခရီးနဲ့ အလွယ်တကူ သွားလာနိုင်ဖို့ လမ်းကြီးငါးသွယ်ဖြစ်တဲ့ "မအူပင်-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း"၊ "မော်လမြိုင်ကျွန်း-လှိုင်းဘုံး-သစ်ပုတ်-ကွင်းကောက်-ပြင်စလူလမ်း၊" "လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်း" "ဘိုကလေး-သာပေါင်း-ကြိမ်ချောင်း-ကဒုံကနီလမ်း"နဲ့ "လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း"တွေကိုလည်း မုန်တိုင်းပြီးစကာလမှာပဲ စတင်ဖောက်လုပ်နေပြီဖြစ်တယ်။ ဒီလမ်းကြီးတွေဖြတ်သန်းတဲ့ ကျေးရွာတစ်ဝိုက်မှာလည်း လေဒဏ် လှိုင်းဒဏ်တွေက အန္တရာယ်ကင်းစွာ ခိုလှုံနိုင်ဖို့ တည်ဆောက်ပေးသွားမှာဖြစ်တယ်။

**မောင်တို့မယ်တို့**

နိုင်ငံတော်ကို တည်ဆောက်ထူထောင်ရာမှာဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားရာမှာဖြစ်စေ ဒို့တစ်တွေရဲ့စည်းလုံးညီညွတ်မှုအား၊ ဒို့တစ်တွေရဲ့ ကြီးမားတဲ့ လုံ့လဝီရိယအားတွေကြောင့် အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေခြင်းပဲဖြစ်တယ်။ တစ်ဖက်ကလည်း နိုင်ငံတော်အပိုင်းက ပြည်သူများအတွက် အစစ သက်လုံကောင်းစေဖို့ အခြေခံအုတ်မြစ်ကောင်းတွေကို မှန်ကန်တဲ့ ဦးတည်ချက်တွေနဲ့အညီ ခိုင်ခိုင်မာမာ ထူထောင် အခြေချနိုင်ခြင်းကြောင့် ဖြစ်တယ်ဆိုတာ ရှင်းလင်းပြောကြားလိုတယ်။

တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်တဲ့အတွက် အလေးထားပြီး ဆောင်ရွက်ခဲ့တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ယှဉ်တွဲပြီး တည်ငြိမ်အေးချမ်းမှုများ ကျယ်ပြန့်ခိုင်မာလာတာနဲ့အမျှ စီးပွားရေးအခြေခံကောင်းတွေ၊ ပြည်သူများ ကျန်းမာစွာ သက်တမ်းစေ့ နေနိုင်ရေးနဲ့ ပညာရည်မြင့်မားရေး အခြေခံကောင်းတွေကို တိုးတက်ရရှိစေရေးအတွက် အထူးဒေသကြီး ၂၄ ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ ချမှတ်ထားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းငါးရပ်အပြင် ကျေးလက်ဒေသတွေမှာ လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက်လည်း ရေအား၊ လေအား၊ နေရောင်ခြည်အား၊ ဇီဝဓာတ်ငွေ့အားတို့နဲ့ အသင်းဝင်များကပါ ပါဝင်အကောင်အထည်ဖော်လျက်ရှိတယ်။ ဆက်လက်ပြီးလည်း တိုးမြှင့်တည်ဆောက်သွားမှာဖြစ်တယ်။

ကျေးလက်နေ ပြည်သူအများစုရဲ့ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟာ စိုက်ပျိုးရေးဖြစ်တယ်။ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ငွေကြေးအမြောက်အမြားကျခံပြီး ဆောင်ရွက်ပေးလျက်ရှိတယ်။ ၁၉၈၈ ခုနှစ်က အခုအချိန်အထိ ရေလှောင်တမံနဲ့ ရေထိန်းတံခါးပေါင်း ၂၁၆ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုနဲ့ မြေအောက်ရေ ရရှိရေးအတွက် တွင်းပေါင်း ၇၈၈၂ တွင်း တူးဖော်တည်ဆောက်ခဲ့ပြီးဖြစ်တယ်။ ဆက်လက်ပြီးလည်း တောင်သူများအကျိုးအတွက် ဆောင်ရွက်နေဆဲဖြစ်တယ်။ အပူပိုင်းမိုးနည်းရေရှား ဒေသတွေမှာ မြေအောက်ရေ ရရှိရေးနဲ့ ဆည်ကန်အငယ်များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွေကိုလည်း စီမံဆောင်ရွက်ပေးလျက် ရှိတယ်။ ရေသွင်းစိုက်ဧက ၅ဒသမ ၅၇ သန်းအထိ တိုးတက်လာပြီဖြစ်တယ်။ သီးနှံစိုက်စွမ်းအားဟာလည်း ၁၉၈၈ ခုနှစ်မှာ ၁၂၁ ရာခိုင်နှုန်းသာရှိခဲ့ရာက အခုဆိုရင် ၁၆၇ ဒသမ ၂ရာခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်တယ်။

စားရေးအတွက် အဓိကသီးနှံဖြစ်တဲ့ စပါးစိုက်ပျိုးထုတ်လုပ်မှုကိုကြည့်ရင် ၁၉၈၈ ခုနှစ်မှာ စပါးစိုက်ဧက ၁၁ဒသမ ၈၁ သန်းသာရှိပြီး အထွက်တင်းသန်း ၆၃၀သာရှိခဲ့ရာက ရည်မှန်းချက်အဆင့်ဆင့် ချမှတ်ဆောင်ရွက်မှုကြောင့် ယခု စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီဖြစ်တယ်။ ကိုယ်တိုင်မျိုးခံစိုက်ပျိုးနိုင်ပြီး တင်း ၁၀၀ ကျော် ထွက်ရှိတဲ့ စပါးမျိုးသစ်များ သုတေသနပြုထုတ်လုပ်ပြီး မျိုးပြောင်းလဲပေးနိုင်တဲ့အတွက် စပါးတင်းသန်း ၂၀၀၀ ထွက်ရှိရေး ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ ၁၉၈၈ခုနှစ်မှာ စိုက်ဧက ၁ဒသမ ၈ သန်းနဲ့ တန်ချိန်တစ်သိန်းခုနစ်သောင်းသာ ထုတ်လုပ်နိုင်ရာက အခုဆိုရင် စိုက်ဧက ၁၀ဒသမ၄၅ သန်းကျော်နဲ့ တန်ချိန် ၄၉ဒသမ၇၅ သိန်းအထိ ထုတ်လုပ်လာနိုင်ပြီဖြစ်တယ်။ အရှေ့တောင်အာရှမှာ ပဲအများဆုံး တင်ပို့တဲ့နိုင်ငံအဖြစ် ရပ်တည်နေပြီဖြစ်တယ်။ ဆီထွက်သီးနှံ စိုက်ဧကဟာလည်း ၁၉၈၈ ခုနှစ်က ငါးသန်းသာရှိရာက ၈ဒသမ၃၆ သန်းအထိ တိုးတက်လာပြီဖြစ်တယ်။ ဝတ်ရေးအတွက် အဓိကကျတဲ့ ဝါသီးနှံအနေနဲ့ ယခင်က တစ်ဧကမှာ အမြင့်ဆုံး ပိဿာ ၄၀၀-၅၀၀ ခန့်သာ ထွက်ရှိရာက တစ်ဧကကို ပိဿာ ၁၆၀၀ အထိ ထွက်ရှိတဲ့မျိုးများနဲ့ ပြောင်းလဲစိုက်ပျိုးနိုင်ပြီဖြစ်တယ်။ ပြည်သူများရဲ့ စားရေးအတွက် ဖူလုံပိုလျှံနေတဲ့အပြင် ဝတ်ရေးအတွက်ပါ အခြေအနေကောင်းတွေ ရရှိနေပြီဖြစ်တယ်။

စက်မှုကဏ္ဍဟာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရေးပါတဲ့ ကဏ္ဍဖြစ်တယ်။ စက်မှုဇုန် ၁၈ ဇုန်ဖွင့်ပြီး ပုဂ္ဂလိကကဏ္ဍ တိုးတက်လာအောင် အားပေးခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်ပိုင် စက်ရုံ ၆၂၄ ရုံနဲ့ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ သုံးသောင်းငါးထောင်ရှိရာက အခုဆိုရင် နိုင်ငံတော်ပိုင်စက်ရုံ ၇၉၃ ရုံနဲ့ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ တစ်သိန်း တစ်သောင်း သုံးထောင်အထိ ရှိလာပြီဖြစ်တယ်။ စက်မှုကဏ္ဍအနေနဲ့ အခုနှစ်မှာ ၂၁ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်လာပြီဖြစ်တယ်။

ပြည်သူများ အလုပ်အကိုင်ရရှိမှုများကို ကြည့်မယ်ဆိုရင် လယ်ယာလုပ်သား ၂၃ သန်းကျော်၊ စက်ရုံလုပ်သား ငါးသန်း တစ်သိန်းခန့်၊ ဝန်ဆောင်မှုလုပ်သား ရှစ်သန်းခန့် စုစုပေါင်း ၃၆ သန်းကျော်အထိ တိုးတက်ရရှိနေပြီဖြစ်တယ်။

**မောင်တို့မယ်တို့**

ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်သွယ်သွားလာနိုင်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက်သာမက တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှုကိုလည်း အထောက်အကူပြုစေနိုင်တဲ့အတွက် ဆက်သွယ်သွားလာနိုင်တဲ့ လမ်းတွေကို တစ်နိုင်ငံလုံး ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့တယ်။ မြစ်ချောင်းများ ပေါများတဲ့အတွက် လမ်းဖောက်ဖို့ အခက်အခဲရှိတဲ့ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းအတွင်း ဖောက်လုပ်ပြီးတဲ့ လမ်းတွေက ပြည်သူများအတွက် အကျိုးပြုနေပြီဖြစ်တယ်။ ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်းနှစ်သောင်း တစ်ထောင်ကျော်ရှိရာက အခုဆိုရင် မိုင်ပေါင်း ခုနစ်သောင်း တစ်ထောင် ရှစ်ရာ့နှစ်ဆယ်အထိ ရှိလာခဲ့ပြီဖြစ်တယ်။

တပ်မတော်အစိုးရ တာဝန်ယူတဲ့ကာလအတွင်း ရှိပြီးရထားလမ်းများကို အဆင့်မြှင့်တင်ပေးပြီး သံလမ်းမိုင်ပေါင်း ၁၄၇၈ မိုင်၊ ဘူတာရုံပေါင်း ၃၂၅ရုံ အသစ် အကောင်အထည်ဖော်ပေးခဲ့တယ်။ ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်လျက်ရှိတယ်။ ဖောက်လုပ်ပြီးရင် ပုသိမ်ကနေ မန္တလေးကို တောက်လျှောက်သွားနိုင်မှာ ဖြစ်တယ်။ မန္တလေး-ကသာကတစ်ဆင့် ဗန်းမော်ကိုလည်းဖောက်လုပ်နေပြီဖြစ်တယ်။ ရွှေညောင်-တောင်ကြီး-နမ့်စမ်ကနေ ကျိုင်းတုံအထိ သွားလာနိုင်အောင်လည်း စတင်ဆောင်ရွက်လျက်ရှိတယ်။ ဘုရားသုံးဆူ-ပျော်ဘွယ်-မကွေးလမ်းကိုလည်း ဖောက်လုပ်လျက်ရှိတယ်။

အဓိကမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်တွေမှာ ၁၉၈၈ ခုနှစ်အထိ တံတားကြီး ငါးစင်းသာရှိခဲ့ရာက အခုထပ်မံတည်ဆောက်ပြီးတဲ့ တံတားကြီး ၁၈ စင်းက ပြည်သူအများကို အကျိုးပြုနေပြီဖြစ်တယ်။ စုစုပေါင်း ပေ ၁၈၀အထက် ကားလမ်း တံတားပေါင်း ၃၁၁ စင်း၊ ရထားလမ်း တံတားပေါင်း ၄၂ စင်း ဆောက်လုပ်ပေးခဲ့ပြီး ခုနစ်စင်း တည်ဆောက်နေဆဲဖြစ်တယ်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**



**အီရတ်တွင် ဖြစ်ပွားနေသော လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် အိုးအိမ်မဲ့ဖြစ်ကာ ဒုက္ခသည်ဘဝ ကျရောက်ရရှာသော မိသားတစ်စုကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်မှ ဘော့စနီးယား-ဟာဇီဂိုဗီးနားတပ်ဖွဲ့များ ဒီဇင်ဘာလလယ်တွင် ရုပ်သိမ်းမည်

**ဘဲလ်ဂရိတ် နိုဝင်ဘာ ၂၈**

ဘော့စနီးယား-ဟာဇီဂိုဗီးနား သမ္မတသည် အီရတ်နိုင်ငံတွင် တာဝန်ချထားသော တပ်ဖွဲ့များကို ဒီဇင်ဘာလလယ်ခန့်တွင် ပြန်လည်ရုပ်သိမ်းရန် ဗုဒ္ဓဟူးနေ့က ဆုံးဖြတ်ချက်ချမှတ်ကြောင်း ဘော့စနီးယားမြို့တော် ဆာရာ ရေဗိုမြို့မှ ရောက်လာသောသတင်းများတွင် ဖော်ပြသည်။

**ပြောကြား**

သမ္မတနီဘိုဂျာရက်မာနိုဗစ်ကအီရတ်နိုင်ငံတွင်အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များမှာ ပါဝင်တာဝန်ယူမှု ပြီးဆုံးပြီးနောက် ဒီဇင်ဘာ ၁၅ ရက်၌ ဘော့စနီးယားတပ်ဖွဲ့ဝင် ၈၀ နီးပါးကို ပြန်လည်ရုပ်သိမ်းရန် မျှော်လင့်ကြောင်း သတင်းစာများကို ပြောကြားသည်။

ဘော့စနီးယား-ဟာဇီဂိုဗီးနားနိုင်ငံသည် ၂၀၀၅ ခုနှစ် ဇွန်လကတည်းက မိုင်းရှင်းကျွမ်းကျင်သူများကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ၎င်းတို့သည် အီရတ်နိုင်ငံ ဖလူဂျာမြို့အနီးတွင် စခန်းချထားပြီး မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများ၊ ခဲယမ်းမီးကျောက်များကို ရှင်းလင်းရန် တာဝန်ယူထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

**အာဖဂန်နစ္စတန်တောင်တန်းဒေသ ကားလမ်း တစ်နေရာတွင် လမ်းဘေးထောင်ဗုံး ထိမှန်ပျက်စီးသွားသော ယာဉ်တစ်စီးအား ကြည့်ရှုစစ်ဆေးနေသည်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

# အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုများဖြစ်ပွား၊ စစ်သွေးကြွ ၃၂ ဦးသေဆုံး

**ကဘူး နိုဝင်ဘာ ၂၈**

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များနှင့်အာဖဂန်လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းကာ တာလီဘန်တို့အား နိုင်ငံတစ်ဝန်းတွင် စစ်ဆင်မှုကြောင့် စစ်သွေးကြွ ၃၂ ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က ဆူပူသောင်းကျန်းမှုများ သိသာစွာ မြင့်တက်လာသည်။ ၂၀၀၁ ခုနှစ်တွင်တာလီဘန်များကိုဖယ်ရှားပြီးနောက်ပိုင်း ၂၀၀၈ ခုနှစ်သည် သွေးထွက်သံယို အများဆုံးနှစ်ဖြစ်သည်ဟု ဆိုသည်။ ပြည်တွင်း၌ နိုင်ငံခြားတပ်ဖွဲ့ဝင် အရေအတွက်ပိုမိုများပြားလာသည့်တိုင်အောင် အာဖဂန်တွင် မငြိမ်သက်မှုများ ပို၍တိုးလာသဖြင့် ပြည်တွင်းလုံခြုံရေးကို ထိန်းသိမ်းနိုင်ပါမည်လောဟု သံသယဖြစ်မှုများ တိုးပွားလာသည်။

ဟဲလ်မန့်ပြည်နယ် နာရာဆုခ်ခရိုင်တွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် ညွန့်ပေါင်းတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့က စစ်သွေးကြွခုနစ်ဦးသေဆုံးခဲ့ရသည်။ထို့အပြင် လမ်းဘေးထောင်ဗုံး အိုင်အီးဒီပြုလုပ်သည့် ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို ကားသုံးစီးပေါ်မှ သိမ်းဆည်းရမိခဲ့သည်။

ထိုနေ့ အစောပိုင်းတွင် ကန်ဒါဟာဒေသရှိသောင်းကျန်းသူနေရာများကို စီးနင်းတိုက်ခိုက်ရာ စစ်သွေးကြွ ၁၅ ဦးကို သုတ်သင်နိုင်ပြီး ခြောက်ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ နိုင်ငံအတွင်းပြုလုပ်သော အခြားတိုက်ခိုက်မှုတွင်လည်း စစ်သွေးကြွအများအပြားသေဆုံးရကြောင်း သတင်းများက ဖော်ပြသည်။ **အင်တာနက်။**



# ကိုလံဘီယာတွင် မြေပြို၊ ခုနစ်ဦးသေဆုံး

**ဘိုဂိုတာ နိုဝင်ဘာ ၂၈**

ကိုလံဘီယာနိုင်ငံတွင် မြေပြိုကျသဖြင့် အနည်းဆုံးခုနစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘိုဂိုတာမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀၀ အကွာတွင်ရှိသော မီရန်ဒါမြို့၏ ကျေးလက်ဇုန်အတွင်းမှ လျှိုမြောင်တစ်ခုအနီး၌ မိုးသည်းထန်စွာ ရွာသဖြင့် မြေပြိုကျကာ အိမ်အမြောက်အမြား ပျက်စီးသွားခဲ့ရသည်။ မီရန်ဒါမြို့ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ကားလို့စ်မို့စ်ကွီရာ၏အဆိုအရ ယခုနှစ်မိုးရာသီတွင် ၃၄ ဦး သေဆုံးခဲ့ပြီး ၆၀၀၀၀၀ ကျော် ဒုက္ခရောက်ခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

**အီရတ်တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း မြေစာပင်ဖြစ်ရရှာသော ဒဏ်ရာရကလေးငယ်တစ်ဦးကို ဒီယာလာဆေးရုံ၌ တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# ကဘူးတွင် အသေခံကားဗုံးခွဲတိုက်ခိုက်၊ လေးဦးသေ

**ကဘူး နိုဝင်ဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ အမေရိကန်သံရုံးအနီးတွင် ကြာသပတေးနေ့ နံနက်ပိုင်းက နိုင်ငံတကာတပ်ဖွဲ့၏မော်တော်ယာဉ်တန်းကိုပစ်မှတ်ထား၍ အသေခံကားဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံးလေးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသေခံဗုံးခွဲသမား တစ်ဦးသည် ပေါက်ကွဲစေသောယမ်းများတင်ဆောင်ထားသည့်ကားကို မောင်းနှင်လာပြီး ဒေသစံတော်ချိန်နံနက် ၈နာရီ မိနစ် ၃၀ တွင် အမေရိကန်သံရုံးမှ မီတာ ၁၀၀ ခန့်အကွာ၌ သူ့ကိုယ်သူ ဗုံးခွဲလိုက်ကြောင်း ကဘူးရဲအရာရှိ အလီရှမ်ပက်တီယာဝေါလ်က သတင်းထောက်များအား ပြောကြားသည်။

ပက်တီယာဝေါလ်က ဗုံးကွဲခြင်းကြောင့် လူလေးဦးသေဆုံးခြင်းကို အတည်ပြုပြီး သေဆုံးသူများနှင့် ပတ်သက်၍ အတိအကျပြောဆိုနိုင်ခြင်းမရှိသေးပေ။ သေဆုံးသူအရေအတွက်မှာ တိုးလာဖွယ် ရှိသေးသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ဆီးနှင်းမုန်တိုင်းကြောင့် ဆွီဒင်လေဆိပ်တွင် ခရီးသည်များထောင်နှင့်ချီ၍ သောင်တင်

**စတော့ဟုမ်း နိုဝင်ဘာ ၂၈**

ဆွီဒင်နိုင်ငံ မြို့တော်စတော့ဟုမ်းတွင် ဆီးနှင်းမုန်တိုင်းတိုက်ခတ်သဖြင့် အာလန်ဒါလေဆိပ်၌ နိုဝင်ဘာ ၂၄ ရက်က ခရီးသည် ၆၀၀၀ မှ ၇၀၀၀ခန့်အထိ သောင်တင်ခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ လေဆိပ်မှ အဓိကလေကြောင်းခရီးစဉ်များကို နှစ်နာရီခန့် ကြာသည်အထိ ရွှေ့ဆိုင်းခဲ့ရသည်ဟု ဆိုသည်။ သို့ရာတွင် ၎င်းတို့၏လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းမည်မဟုတ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဆီးနှင်းမုန်တိုင်းသည် နိုဝင်ဘာ ၂၃ ရက်ကလည်း ဆွီဒင်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ဖင်လန်နိုင်ငံတွင် တိုက်ခတ်ခဲ့ရာ အိမ်ထောင်စုပေါင်း ၄၅၀၀၀ကျော်တို့ အပြင်မထွက်နိုင်ဘဲ ရှိနေခဲ့ကြသည်။ လမ်းများတွင် ဆီးနှင်းများကျရောက်ပိတ်ဆို့သဖြင့် ကုန်တင်ယာဉ်များလည်း ဆိပ်ကမ်း၌ပင် ရပ်တန့်ထားခဲ့ရသည်ဟု သိရသည်။

ဖင်လန်နိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်အထိ ဆီးနှင်းမုန်တိုင်းကြောင့် အိမ်ထောင်စုပေါင်း ၂၀၀၀ထက်မနည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ရုရှားသမ္မတ၏ သက်တမ်းကာလ ပြင်ဆင်ခြင်းကို အတည်ပြု

**မော်စကို နိုဝင်ဘာ ၂၈**

ရုရှားနိုင်ငံအထက်လွှတ်တော်က သမ္မတ၏သက်တမ်းကာလအား လေးနှစ်မှ ခြောက်နှစ်အထိ တိုးမြှင့်ခြင်းကို အတည်ပြုကြောင်း ဒေသတွင်း သတင်းဌာနများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ထို့အပြင် အောက်လွှတ်တော်မှ ကိုယ်စားလှယ်များ၏ သက်တမ်းကို လေးနှစ်မှ ငါးနှစ်သို့ တိုးမြှင့်သည့် အခြေခံဥပဒေပြင်ဆင်ခြင်းကိုလည်း အထက်လွှတ်တော်က ခွင့်ပြုပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အာဖဂန်ပြည်သူတို့၏ဘဝကို ဆိုးရွားစွာ ပျက်စီးစေရန် အမေရိကန်နှင့် နေတိုးတို့က လုပ်ဆောင်နေဟု ကာဇိုင်း ပြောကြား

**ကဘူး နိုဝင်ဘာ ၂၈**

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့တို့သည် အာဖဂန်ပြည်သူတို့၏ဘဝကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ဆောင်ရွက်ပေးနေခြင်းမဟုတ်ဟု အာဖဂန်နိုင်ငံကို ခုနစ်နှစ်ကြာ အမေရိကန်တို့၏ ကျူးကျော်ဝင်ရောက်မှုအပေါ် ရည်ညွှန်း၍ အာဖဂန်သမ္မတက နိုဝင်ဘာ ၂၆ရက်တွင် ပြစ်တင်ပြောကြားလိုက်သည်။

နိုင်ငံခြားတပ်ဖွဲ့ဝင်များသည် အာဖဂန်ကျေးလက်ဒေသများတွင် အစိုးရနှင့်အပြိုင် အာဏာသုံးစွဲနေခြင်းဖြင့် အာဖဂန်အစိုးရ၏ အချုပ်အခြာအာဏာကို ထိခိုက်နေသည်ဟု စွပ်စွဲခဲ့ပြီး နောက်တစ်နေ့တွင် ယခုကဲ့သို့ ပြစ်တင်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အာဖဂန်နစ္စတန်ရှိ တာလီဘန်များအပေါ် စစ်ဆင်ရေးများဆင်နွှဲကာ အာဖဂန်နိုင်ငံကို ပြန်လည်ထူထောင်မည်ဟု အပြန်အလှန် သဘောတူညီထားခဲ့ကြသော်လည်း သွေးထွက်သံယိုပြဿနာရပ်များမှာ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာနေခဲ့သည်ဟု သမ္မတဟာမစ်ကာဇိုင်းက ဆိုသည်။

မိမိတို့အနေဖြင့် ပြည်သူများ၏ဘဝလုံခြုံမှုကို ဖျက်ဆီးမည့် နိုင်ငံတကာအဖွဲ့အစည်းကို လက်ခံမည်မဟုတ်ဘဲ ပြည်သူများ၏ဘဝကို တိုးတက်ကောင်းမွန်စေရန် ကူညီပေးမည့်အဖွဲ့အစည်းကိုသာ လက်ခံမည်ဟု ကာဇိုင်းက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။ **အင်တာနက်။**

# ဂျပန်သင်္ဘောကျင်းတွင် ပေါက်ကွဲမှုဖြစ် တစ်ဦးသေဆုံး၊ လေးဦး ဒဏ်ရာရ

**တိုကျို နိုဝင်ဘာ ၂၈**

ဂျပန်နိုင်ငံရှိ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင်၌ နိုဝင်ဘာ ၂၅ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

အဆိုပါပေါက်ကွဲမှုသည် ဂျပန်နိုင်ငံ ရာမာကူချီ စီရင်စုတွင် ပါဝင်သော ကူဒါမာဆူမြို့ရှိ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းရှိ သင်္ဘောကြီးတစ်စင်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ အလုပ်သမားတစ်ဦး ပွဲချင်းပြီးသေဆုံးပြီး အခြားလေးဦးအား ဒေသ ဆိုင်ရာဆေးရုံသို့ ပို့ထားသည်ဟုသိရသည်။ ဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းကလည်း အဆိုပါသင်္ဘောတည်ဆောက်ရေးလုပ်ငန်းခွင် အတွင်းမှာပင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၄ဦး ဒဏ်ရာရရှိခဲ့သည်။ **အင်တာနက်။**



ဘရာဇီးနိုင်ငံ ဂွန်ဗီလီအရပ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးနေသည်ကို နိုဝင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## အီရန်တွင် နျူကလီးယားအင်ထုတ်လုပ်ရန် ဗဟိုခွာအားစက် ၅၀၀၀ ပိုင်ဆိုင်ထားဟုဆို

**တီဟီရန် နိုဝင်ဘာ ၂၈**

အီရန်နိုင်ငံသည် ကုလသမဂ္ဂမှ ရပ်တန့်ပေးရန် ဆုံးဖြတ်ထားသော အငြင်းပွားဖွယ် နျူကလီးယားအစီအစဉ်ကိုရပ်တန့်ခြင်းမရှိဘဲ ချိုးဖောက်သည့်အနေဖြင့် ယင်းနိုင်ငံတွင် ယူရေနီယံ သန့်စင်ထုတ်လုပ်သည့် ဗဟိုခွာအားစက် ၅၀၀၀ ကျော်ကို ယခုအခါတွင် အောင်မြင်စွာ လည်ပတ်နိုင်ပြီဖြစ်သည်ဟု နိုဝင်ဘာ ၂၆ ရက်က တရားဝင်ထုတ်ဖော်ကြေညာသည်။

အီရန်နိုင်ငံအနေဖြင့် အနာဂတ် နျူစွမ်းအင် အစီအစဉ်အတွက် နျူလောင်စာထုတ်လုပ်ရန် ယူရေနီယံ သန့်စင်ခြင်းအပါအဝင် ဗဟိုခွာအားစက်များထုတ်လုပ်ခြင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဒုတိယသမ္မတ ဂိုလန်ရေဇာအက်ဂါဇာဒက်ချ်က ပြောကြားသည်။

ဩဂုတ်လအတွင်းကလည်း အီရန်နိုင်ငံ နာတာနစ်ဇ်မြို့တွင်ရှိသော နျူစွမ်းအင်စီမံကိန်းတစ်ခု၌ ဗဟိုခွာအားစက်အလုံး ၄၀၀၀ ကို လည်ပတ်နိုင်ပြီဟု ကြေညာခဲ့သည်။

ယခုအချိန်တွင် နျူစွမ်းအင်လောင်စာ ထုတ်လုပ်ရန်အတွက် သန့်စင်ပြီးယူရေနီယံများမှာ သာမန်အဆင့်တွင်သာ ရှိသေးသော်လည်း နောင်အခါတွင် နျူလက်နက် ထုတ်လုပ်နိုင်မည့်အဆင့်အထိ ဖြစ်လာမည်ဟု သိရသည်။

ယူရေနီယံသန့်စင်မှုအပါအဝင် နာတာနစ်ဇ်မြို့တွင် စက်ဒလက် ၅၀၀၀ ကျော်ကို အောင်မြင်စွာ လည်ပတ်နိုင်ခြင်းသည် အဓိကကျသော အလေးထားရမည့် အကြောင်းအရာပင်ဖြစ်သည်ဟု တီဟီရန်တက္ကသိုလ်၌ ကျင်းပသော အီရန်နိုင်ငံ နျူစွမ်းအင်အောင်မြင်မှုပြပွဲတွင် အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့မှ အကြီးအကဲအက်ဂါဇာဒက်ချ်က ပြောကြားသည်။ ***အင်တာနက်။***

## ကော်လိုရာဒို အဝေးပြေးလမ်းမပေါ်တွင် ယာဉ်မတော်တဆဖြစ် ကလေးနှစ်ဦး အပါအဝင် ခုနစ်ဦး သေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၂၈**

အမေရိကန်နိုင်ငံမြောက်ပိုင်း ကော်လိုရာဒိုပြည်နယ်တွင် နိုဝင်ဘာ ၂၇ ရက်က အက်စ်ယူဗွီယာဉ်တစ်စီး မတော်တဆမှုဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။မြောက်ဘက်သို့ ဦးတည်သွားနေသော အက်စ်ယူဗွီယာဉ်သည် ယာဉ်ကြောမှ ဘေးသို့ လွန်ထွက်သွားပြီးလမ်းဘေးရှိ ကွန်ကရစ်အကာအရံကို ဝင်တိုက်ပြီးနောက် မီးလောင်သွားသည်ဟု ကော်လိုရာဒိုပြည်နယ် ရဲလုံ့ကင်းအဖွဲ့မှ အရာရှိ ဂီးလ်ဘတ်မာရီစ်က ပြောကြားသည်။ အခင်းဖြစ်ပွားမှုတွင် အသက်ရှင်ကျန်ရစ်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရကြောင်း သိရသည်။

**သက်ဆိုင်မှုမရှိ**

အဆိုပါ မတော်တဆမှု ဖြစ်ပွားရခြင်း အကြောင်းအရင်းကို မသိရသေးဟုဆိုသည်။ သို့ရာတွင် ထိုမတော်တဆဖြစ်ပွားမှုသည် ရာသီဥတုအခြေအနေနှင့်လည်း သက်ဆိုင်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ၁၁၅ နှစ်ရှိ အသက်အကြီးဆုံး အဘွားအိုသေဆုံး

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂၈**

အင်ဒီယားနားပြည်နယ်မှ အသက် ၁၁၅ နှစ်အရွယ်ရှိ ကမ္ဘာ့အသက်အကြီးဆုံး အဘွားအိုသည် နိုဝင်ဘာ ၂၇ ရက်တွင် ကွယ်လွန်သွားပြီဖြစ်သည်။ သေဆုံးသွားသူမှာ မစ္စအက်ဒနာပါကာဆိုသူဖြစ်ပြီး ၎င်း၏အသက်အတိအကျမှာ ၁၁၅ နှစ်နှင့် ရက်ပေါင်း ၂၂၀ ဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီစတင်ဖင်ခိုးလ်က ပြောကြားသည်။

သူမသည် ၁၈၉၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် မွေးဖွားပြီး ကျောင်းဆရာမအလုပ်ဖြင့် အသက်မွေးကာ အင်ဒီယားနားပြည်နယ် ရှယ်ဘီဘယ်လီရှိ နေအိမ်တွင် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ဒေသခံသတင်းစာက ဖော်ပြသည်။

၎င်းကို ကမ္ဘာ့ဂင်းနစ်မှတ်တမ်းတွင် အသက်ရှင်လျက်ရှိသေးသူ အသက်အရွယ်အကြီးဆုံးအမျိုးသမီးအဖြစ် မှတ်တမ်းတင်ဖော်ပြခဲ့သည်။***အင်တာနက်။***

## မြေထဲပင်လယ်တွင် လေယာဉ်ပျက်ကျ နှစ်ဦးသေ၊ ငါးဦးပျောက်ဆုံးနေ

**တူလုံ(ပြင်သစ်) နိုဝင်ဘာ ၂၈**

နယူးဇီလန် လေကြောင်းလိုင်းမှ စမ်းသပ်ပျံသန်းနေသော အဲယားဘတ်စ် အေ-၃၂၀ လေယာဉ်သည် ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း ကမ်းခြေအလွန် မြေထဲပင်လယ်အတွင်း နိုဝင်ဘာ ၂၇ ရက်က ပျက်ကျရာ လိုက်ပါလာသူ အနည်းဆုံး နှစ်ဦး အသက်ဆုံးရှုံးရပြီး နောက်ထပ်ငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

တစ်နာရီကျော် ပျံသန်းပြီးနောက် ပြင်သစ်နိုင်ငံ အနောက်တောင်ဘက် ကမ်းခြေဒေသရှိ ပါပိဂ်နန်လေယာဉ်ကွင်းသို့အဆင်း ညနေ ၄ နာရီ ၄၆ မိနစ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု ပြင်သစ်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ ဘီအီးအေက ပြောကြားသည်။

ပင်လယ်ပြင်အတွင်း ပျက်ကျသွားသောအရာမှာ လေယာဉ်တစ်စင်းဖြစ်ကြောင်းတွေ့လိုက်ရသည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြင်သစ်ရေဒီယိုသို့ ပြောကြားသည်။ လေယာဉ်မှာ ပထမတွင် တည့်တည့်မတ်မတ် ပျံသန်းနေရာမှ အောက်သို့ ရုတ်တရက်ထိုးစိုက်ကျလာခြင်းဖြစ်သည်ဟု အခင်းဖြစ်ပွားမှုကိုတွေ့လိုက်ရသူ ဒေသခံရဲသားတစ်ဦးက ပြင်သစ်အင်ဖိုရေဒီယိုသို့ ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***




## မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှု သေဆုံးသူ ၁၆၀ ဦးရှိပြီ

**မွမ်ဘိုင်း နိုဝင်ဘာ ၂၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် နိုဝင်ဘာ၂၆ရက်ညနေပိုင်းမှ စတင်ကာ အကြမ်းဖက်တိုက်ခိုက်ခြင်း များကြောင့် သေဆုံးသူဦးရေမှာ ရဲတပ်ဖွဲ့ဝင် ၁၄ဦးအပါအဝင် ၁၆၀ဦးအထိရှိလာပြီးဒဏ်ရာရရှိသူဦး ရေမှာ ၃၀၀ကျော်လာပြီဖြစ်ကြောင်း၊ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဒဏ်ရာရရှိသူများတွင် သတင်းထောက်နှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦးထပ်မံတိုးလာခဲ့သည်။ သေဆုံးသူများတွင် နိုင်ငံခြားသား ၁၅ ဦးပါဝင်ရာ ဂျာမန်သုံးဦး၊ ဂျပန်တစ်ဦး၊ ဩစတြေးလျတစ်ဦး၊ ကနေဒါတစ်ဦး၊ ဗြိတိန်နှစ်ဦးနှင့် ပြင်သစ်နှစ်ဦးတို့လည်း ပါဝင်သည်။ မွမ်ဘိုင်းအကြမ်းဖက်မှုများအတွင်း မိမိတို့နိုင်ငံသားနှစ်ဦး သေဆုံးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာပြီး အစ္စရေးနိုင်ငံသားများ သေဆုံးသည့်သတင်း မရရှိသေးကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

အဓိကသုံးနေရာဖြစ်သော တပ်ချ်မဟာဟိုတယ်၊ အိုဘီရွိုင်းဟိုတယ်နှင့် နာရီမန်ဟောက်(စ်)တို့တွင် အိန္ဒိယကွန်မန်ဒိုများသည် လက်နက်ကိုင်စစ်သွေးကြွများနှင့် အပြင်းအထန်တိုက်ခိုက်ခဲ့ပြီးနောက် အိုဘီရွိုင်းဟိုတယ်ကို သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်းနှင့် ဟိုတယ်အတွင်းမှ အလောင်း ၃၆ လောင်း တွေ့ရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ ထိုနေရာတစ်ဝိုက်မှ သေနတ်ပစ်ခတ်သံများ၊ပေါက်ကွဲသံများကို ကြားနေရသည်။ နာရီမန်ဟောက်(စ်)အတွင်းတွင် အကြမ်းဖက်သမားနှစ်ဦးမှ သုံးဦးအထိ ရှိနေဆဲဖြစ်သည်။ သို့သော် ထိုအထဲတွင် ဓားစာခံတစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။ တပ်ချ်မဟာဟိုတယ်အတွင်းတွင် စစ်သွေးကြွတစ်ဦးရှိနေပြီး ထွက်ပြေးလွတ်မြောက်မှုမရှိစေရန် ကွန်မန်ဒိုများက ရှာဖွေတိုက်ခိုက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် ဟိုတယ်များ၏ တည်ဆောက်ဖွဲ့စည်းထားမှုပုံစံကို လေ့လာထားကြသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိုဘီရွိုင်းဟိုတယ်မှ နိုင်ငံခြားသားများနှင့် ခြောက်လအရွယ်ကလေးတစ်ဦးအပါအဝင် ဓားစာခံ ၃၅ ဦးအား သောကြာနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။ မွမ်ဘိုင်းမြို့တောင်ပိုင်းကိုလာဘာရှိ ဂျူးလူမျိုးများနေထိုင်ရာ အဆောက်အအုံ နာရီမန်ဟောက်(စ်) မှ ဓားစာခံခုနစ်ဦးကိုလည်း အပြင်းအထန်တိုက်ခိုက်ပြီး ကယ်တင်နိုင်ခဲ့သည်။ **အင်တာနက်။**



အိန္ဒိယ အထူးတပ်ဖွဲ့ဝင်များက အခြေအနေကို ထိန်းချုပ်နိုင်ရန်အတွက် ကြိုးစားနေကြစဉ်။



မွမ်ဘိုင်းရှိ နာရီမန်ဟောက်(စ်)၏ခေါင်မိုးပေါ်တွင် အကြမ်းဖက်သမားများအား တိုက်ခိုက်ရန် အိန္ဒိယ ကွန်မန်ဒိုများ အဆင်သင့် စောင့်ဆိုင်းနေကြစဉ်။



မွမ်ဘိုင်းရှိ တပ်ချ်မဟာဟိုတယ်မှ ဧည့်သည်တစ်ဦးအား မီးသတ်သမားတစ်ဦးက ကယ်တင်နေစဉ်။

# သဇင်ပွင့်ပေါ် လနတ်တော်

**တင်ထွင့်**
**(အစိုးရတိုင်းရင်းဆေး)**

နတ်တော်လသည် မြန်မာပြက္ခဒိန်လများတွင် နဝမမြောက်ဖြစ်သည်။ ဟေမန္တဆောင်းရာသီကာလသို့ ဝင်ရောက်စဖြစ်ပြီး နံနက်ခင်းအချိန်တွင် နေရာအနှံ့အပြား ဆီးနှင်းများဖြင့် မှိုင်းဝေရီမှောင်လျက်ရှိသည်။ မိုးရာသီကုန်ဆုံးခဲ့သည်မှာ လဝက်ခန့်ကြာမြင့်ခဲ့ပြီဖြစ်၍ မိုးမရွာသွန်းတော့သော်လည်း ကောင်းကင်တစ်ခိုဝယ် တိမ်တိုက်များဆင်ကာ မိုးသားများ မငြိမ်မသက် လှုပ်ရှားနေသည်ကို အကြောင်းပြု၍ ရှေးတောင်သူလယ်သမားကြီးများက အောက်ပါအတိုင်း မိုးအလင်္ကာဖြင့် မှတ်တမ်းတင်ခဲ့ကြပေသည်-

**“နတ်တော်ရောက်ငြား၊ မိုးသားမငြိမ် ဆင်ရာတိမ်. . . ”**

နတ်တော်လကို ရာသီတစ်ဆယ့်နှစ်ပါးတွင် ဓနုရာသီဟုခေါ်ဆိုပြီး ဓနု၏ အဓိပ္ပာယ်မှာ လေးဖြစ်၍ ရာသီရုပ်မှာ လေးကိုင်စွဲသော လူယောကျ်ားပုံပင်ဖြစ်သည်။ နတ်တော်လ၏ ရာသီပန်းများမှာ ဂမုန်းပန်းနှင့် သဇင်ပန်းတို့ဖြစ်ကြသည်။ သဇင်ဟူသည် မြေကြီးပေါ်တွင် ပေါက်သောပန်းမဟုတ်။ စိမ့်ကြီးမြိုင်ကြီးတောတောင်တို့တွင် နေရောင်မခံပွင့်အားသန်သည့် ပန်းပျံပင်ဆင့်ဖြစ်သဖြင့် **“တော်ဝင်နန်းထိုက်၊ ပန်းမကိုင်ရှ”**ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ သဇင်ပန်းမှာ တောတွင်း၌ ပေါက်ရောက်ပွင့်လန်းသော်လည်း အဖူးအငုံကလေးများ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ရွှေနန်းတော်သို့ ရွှေသိုင်း၊ ရွှေကျိုင်းများဖြင့် ကြီးကျယ်သော ဝင်းခင်းကာ ယူငင်လျက် ဘုရင်မင်းမြတ်ထံသို့ ဆက်သကြရသည်ကို အကြောင်းပြု၍ စာဆိုတော်ရှင်ဥတ္တမကျော်၏ တောလားတွင်**“ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဇေယုက၊ သမ္ဘုတိမှန်၊ ကေသာနံ့ သည်၊ ရွှေလျှံသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မြင့်ဘောင်၊ ရနံ့လျှောင်ခဲ့”** ဟုလည်းကောင်း၊ သဇင်ပန်းကို နန်းတော်သူ၊ နန်းတော်သားတို့ ပန်ဆင်အသုံးပြုပြီးမှသာ အများပြည်သူတို့ ဆွတ်ယူပန်ဆင်ကြရသည်ကို အကြောင်းပြု၍ ဦးယာ၏ ဆယ့်နှစ်ရာသီဘွဲ့ လူးတားတွင် **“စုံမြိုင်ရင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုန်းဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်၍ နှင်းသောက်ရွှင်ရွှင်၊ ဖူးတံဆင်သည် သဇင်ရွှေပွင့်လျှပ်ရောင်ဝင့်သို့၊ လှတင့်စိမ်းတွေး၊ နတ်ပန်းမွှေးကို မနှေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့ ဖူးငုံပေါ်စ၊ တင်ဆက်သသည်၊ နောက်မှပြည်သူ၊ သုံးယူပန်ဆင်”** ဟုလည်းကောင်း အသီးသီးစပ်ဆို ရေးဖွဲ့ခဲ့ကြပေသည်။

နတ်တော်လဟူသောဝေါဟာရတွင် **“နတ်”**ဟူသည် နာထပုဒ်မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်ပြီး အဓိပ္ပာယ်မှာ ကိုးကွယ်ရာဟုဆိုလို၍ **“တော်”**ဟူသော ပေါရာဏစကားမှာ အရှင်သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူဟုအဓိပ္ပာယ်ရသည်။ မြန်မာစာပေတွင် ရတနာသုံးပါးနှင့်သော်လည်းကောင်း၊ မင်းမိဖုရားများနှင့်သော်လည်းကောင်း ဆက်နွယ်သည့်အခါ **“တော်”**ကို သုံးလေ့ရှိသည့်အတွက် နတ်တော်လဟူသည် အရှင်နတ်မင်းများကို ပူဇော်ပသသောလဟု ဆိုလိုပေသည်။ နတ်တော်လကို ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် အရှင်နတ်မင်းလ၊ အရှင်နတ်မင်းများကို ပူဇော်သောလ၊ အလွန်ချမ်းအေးသောကြောင့် ခန္ဓာကိုယ်ကွေးနေရသောလဟု လည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် မဟာဂီရိနတ်မောင်နှမတို့ကို ရှေးက ပူဇော်ပသသောလဟုလည်းကောင်း၊ အချို့ပညာရှင်များက နတ်များပျော်ပါးမြူးထူးသောလဟုလည်းကောင်း အသီးသီးအဓိပ္ပာယ် ဖွင့်ဆိုကြသည်။

ဤနတ်တော်မာသအခါသမယတွင် ရှေးယခင် မြန်မာဘုရင်များသည် နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများကျင်းပလေ့ရှိကြသည့်ပြင် ပညာရှင်များ၊ မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများကို အခမ်းအနားဖြင့် ချီးမြှင့်လေ့ရှိခဲ့ကြသည်။ ဤသည်ကို အကြောင်းပြု၍ ဒုတိယအင်းဝခေတ် စာဆိုတော် ဦးအောင်ကြီးက အင်းဝမြို့ဘွဲ့၊ ဆယ့်နှစ်ရာသီလူးတားတွင် **“သာစွလေ။ ။မှိုင်းဝေပြာရီ၊ မိဂသီနှင့်အညီ ပြည့်လ၊ ရုံဝန်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီ၊ အညီမွှမ်းဖြင်၊ ဂမုန်းအင်နှင့်၊ သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာမင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲကြည်ငင်၊ တိမ်ညင်တွဲအောက်၊ သွင်းရောက်ပြွမ်းပြွမ်း၊ ကျုံးလုံးမွမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်ပါးရွှင်သည်၊ မြေပင်ထိန့်ရိုက် မွှန်းတည့်လေ”** ဟူ၍ ရေးဖွဲ့စပ်ဆိုခဲ့သည်။ မြန်မာ့ရိုးရာ တစ်ဆယ့်နှစ်လအနက် နတ်တော်လနှင့် စပ်ဆိုင်သော ပွဲတော်များမှာ ရှေးခေတ်က နတ်ပွဲဖြစ်ပြီး ယခုခေတ်တွင် နိုင်ငံအကျိုးပြုစာပေများကို ရေးသားပြုစုခဲ့ကြသော စာဆိုပညာရှိကြီးများအား ချီးမြှင့်ပူဇော်ဂုဏ်ပြုသည့် စာဆိုတော်ပွဲများကို ကျင်းပလျက်ရှိကာ နတ်တော်လကိုလည်း စာဆိုတော်လအဖြစ် အသိအမှတ် ပြုထားကြပေသည်။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာဖြစ်သည်သာမက ယဉ်ကျေးမှုအနုပညာ၏ အသက်သွေးခဲလည်းဖြစ်ပေသည်။ စာပေသည် အသိအလိမ္မာ၊ ဉာဏ်ပညာ ထွန်းကားရေးအတွက် အထောက်အကူပြုသည့် မီးရှူးတန်ဆောင်လည်းဖြစ်သည်။ ရှေးရှေးသော ကျမ်းပြုအကျော်ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်ကြီးများ အနေဖြင့် မီးရှူးတန်ဆောင်ဖြစ်သော စာပေများကို ရေးသားလမ်းညွှန်ခဲ့ကြသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များ ခေတ်အဆက်ဆက်ထွန်းကား ပြန့်ပွားခဲ့ပေသည်။

ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ခေတ်အဆက်ဆက်တို့၌ အတွေးအခေါ်ကိစ္စ၊ အလိမ္မာကိစ္စတို့ကို ပေထက်တွင်ခြစ်၍လည်းကောင်း၊ ကျောက်ထက်တွင် ထွင်း၍လည်းကောင်း၊ စာရွက်ပေါ်တွင် ပုံနှိပ်၍လည်းကောင်း စကားပြေ၊ ကဗျာစသည့် အရေးအဖွဲ့များဖြင့် ကြွယ်ဝစွာ ပြုစုခဲ့ကြသော စာပေများကို လေ့လာမှီငြမ်း မှတ်သားခဲ့ကြပေသည်။

ဤနတ်တော်လစာဆိုရာသီတွင် မျိုးချစ်စိတ် ရှင်သန်ထက်မြက်ရေး လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ မြန်မာဟူ၍အားမာန်တက်စေရေး၊ လူ့ကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်ရေးတို့အတွက် မီးရှူးတန်ဆောင်အဖြစ် စာပေများကို ရေးသားလမ်းညွှန်ခဲ့ကြသည်။ ရှေးရှေးသော ကျမ်းပြုအကျော်ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ စာပေပညာရှင်များ၏ စာပေဂုဏ်ကျေးဇူးကို အမှတ်ရဖွယ်ဖြစ်တော့သည်။ သာဓကအားဖြင့် အကျဉ်းတင်ပြရသော်- ပုဂံခေတ် စာဆိုတော်ကြီး၊ အနန္တသူရိယအမတ်ကြီး၏ “သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ. . . အစချီ သံဝေဂကဗျာသည်လည်းကောင်း၊ ပင်းယနေပြည်တော်တွင် ထင်ပေါ်ကျော်ကြားသည့် စတုရင်္ဂဗလအမတ်ကြီး ရေးသားပြုစုသွားသော ကျမ်းစာများအနက် အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ သံသရာရေးမှအစ အချက်ကျကျ လမ်းညွှန်ပြထားသော လောကနီတိကျမ်းသည်လည်းကောင်း လူသိများ၊ လူသုံးများကြောင်း တွေ့ရှိရပေသည်။

ထို့အတူ မြန်မာစကားပြေတွင် အစောဆုံးသော ပါရာယနဝတ္ထုနှင့် မြန်မာရာဇဝင်တွင် အစောဆုံးသော ရာဇဝင်ကျော်များကို ရေးသားလျက် စာပေမျက်လုံးကို ဖွင့်ပေးတော်မူခဲ့သော မြန်မာစာပေနယ်တွင် ပေလေးပင် ရှင်လေးပါးအဖြစ် ဂုဏ်ပြုခေါ်ဆိုခြင်းခံရသော စာဆို၊ ပုဂ္ဂိုလ်ကြီးလေးဦးတွင်ပါဝင်သည်။ အင်းဝခေတ်ရဟန်းစာဆို ရှင်မဟာသီလဝံသ၏ ဆုံးမစာများ၊ ဟတ္ထိပါလပျို့ခေါ် စတုဓမ္မသာရပျို့ခေါ် ကိုးခန်းပျို့ အပါအဝင် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ရတုစသည့်ဖွဲ့ဆိုမှုများကို ဂုဏ်ရသမြောက်စွာ စပ်ဆိုခဲ့သည့် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမများ၊ ဗုဒ္ဓဘာသာဝင်များ သီလခံယူဆောက်တည်ရာတွင် ရွတ်ဆိုလျက်ရှိကြသော **‘အဟံဘန္တေ’** သီလတောင်းဆိုရိုးကို ရေးသားချီးမြှင့်ခဲ့သော ပျို့၊ ကဗျာ၊ မေတ္တာစာ၊ ဆုံးမစာအမျိုးမျိုး ရေးသားတော်မူခဲ့သည့် တောင်ဖီလာဆရာတော်၊ စာပေလောကတွင် (ဗုဓ်စ၊ ဗုဓ်လယ်၊ ဗုဓ်ဆုံး)ဟု “မြတ်စွာဘုရားသည်အစ၊ ဗုဒ္ဓဃောသသည် အလယ်၊ ဆရာတော်ဦးဗုဓ်သည် အဆုံး” စာပေပညာအသိဆုံး၊ အတတ်ဆုံး၊ အတော်ဆုံးဟု ယနေ့တိုင် ဆိုရိုးအသိအမှတ်ပြုလျက်ရှိသော ပါဠိ၊ နိဿယ၊ စကားပြေ၊ ကဗျာ၊ သတ်ပုံစာမျိုးစုံတို့ကို ပြုစုသွားတော်မူသည့် ကုန်းဘောင်ခေတ်စာဆို ဆရာတော်ဦးဗုဓ် တပည့်ကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်စသော ကျင့်ဝတ်များကို မှတ်သားရလွယ်ကူပြီး ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ား၊ ရဟန်းရှင်လူအားလုံး၏ နှုတ်ဖျားတွင် အလွတ်ရနေကြစေသည့် ကဗျာလေးများဖြင့် စပ်ဆိုသီကုံးခဲ့သော ‘သိင်္ဂါလောဝါဒဆုံးမစာ’ကို ရေးသားတော်မူခဲ့သည့် သင်္ဂဇာဆရာတော်၊ ပိဋကတ်၊ စာပေကျမ်းဂန်များကို ဘာသာမျိုးစုံ ပါရဂူမြောက်တတ်ကျွမ်းပြီး အရေး၊ အဟော၊ အကျင့်ဘက်စုံထူးချွန်၍ ကျမ်းစာပေါင်း ၆၀ ကျော်၊ ဘုရားရှိခိုး ၁၁ မျိုး၊ မောင်းထောင်းတေး၊ အံတော်သီချင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတု၊ သံချို၊ ဘုန်းကြီးပျံ၊ ငိုချင်းမှအစ ကဗျာမျိုးစုံ၊ လူနှင့်ကျမ်း၊ နက္ခတ်ကျမ်း၊ ဆေးကျမ်း၊ အင်္ဂုရတ်ကျမ်းများနှင့် စာပေဝါသနာပါသူတိုင်း လက်ကိုင်ထားရသော မဟာသုတကာရီ မဃဒေဝလင်္ကာကို ရေးသားပြုစုတော်မူခဲ့သည့် ဗြိတိသျှခေတ်စာဆို မန်လည်ဆရာတော်၊ ဒီပနီအမျိုးမျိုး၊ ကျမ်းစာအမျိုးမျိုး၊ မေတ္တာစာ အမျိုးမျိုး၊ ဆုံးမစာအမျိုးမျိုးတို့ကို ရေးသားပြုစုသွားသော ဗြိတိသျှခေတ်စာဆို လယ်တီဆရာတော်၊ အနာဂတ်သာသနာရေး၊ ဘာသာသွေး၊ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာစသည့် ကျမ်းစာအုပ်များကို ရေးသားပြီး ဘာသာသာသနာကို အခြေခံမှုစတင်၍ လမ်းညွှန်မြှင့်တင် ပေးခဲ့သော လွတ်လပ်ရေးခေတ် ရဟန်းပညာရှိ မဟာဂန္ဓာရုံဆရာတော် ရှင်ဇနကာဘိဝံသနှင့် မျက်မှောက်ခေတ်တွင် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီး နှစ်ခု တစ်ပြိုင်နက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော အရေး၊ အဟော၊ အကျင့်တို့တွင် သူမတူအောင် စွမ်းဆောင်နိုင်သည့် မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော် တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရစသည့် ကျမ်းပြုအကျော် ဆရာတော်ကြီးများ၊ ရဟန်းပညာရှိ၊ လူပညာရှိ စာပေပညာရှင်ကြီးများ၏ ရေးသားလမ်းညွှန်ချက်များကို လေ့လာမှတ်သား၊ လိုက်နာကျင့်ကြံခြင်းဖြင့် အတွေးအခေါ်မှန်ကန်၍ အသိဉာဏ်တိုးပွားရေး၊ နည်းလမ်းမှန်ကန်သော ဗဟုသုတတိုးပွားရေး၊ နိုင်ငံတော် တည်တံ့ဖွံ့ဖြိုးအေးချမ်း သာယာရေးကို အထောက်အကူပြုစေရေးစသည်တို့အတွက် ဖြည့်စွမ်းကြိုးပမ်းနိုင်မည်ဖြစ်ပေသည်။

စာပေသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဖြစ်သည်သာမက တိုင်းပြည်၏ ဂုဏ်လည်းဖြစ်သည့်အတွက် မိမိတိုင်းပြည်၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုဘဝ ကြွယ်ဝစေရန်အတွက်လည်းကောင်း၊ မျိုးရိုး၊ ဇာတိဂုဏ်ကို ဖော်ထုတ်စုဆောင်းတင်ပြရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လူငယ်များ၏အင်အားပါဝင်စေရေးအတွက်လည်ကောင်း၊ နိုင်ငံ၏အမျိုးသားရေးဘဝဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍအသီးသီးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း စာပေကိုရေမြှင့်ကြာတင့် တိုးတက်ဖွံ့ဖြိုးစေရန် မြှင့်တင်ပေးရန်လိုအပ်လှပေသည်။

သို့ဖြစ်ပါ၍ ယခုအခါ စာဆိုရှင်များ၊ စာပေလောကသားများအနေဖြင့် ရှေးရှေးစာဆိုတော်ပညာရှိကြီးများ၏ ဆုံးမလမ်းညွှန်ချက်များကို နာယူမှတ်သားလိုက်နာလျက် နိုင်ငံတော်အစိုးရ၏ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိသည့် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများ၊ ရေအားလျှပ်စစ်၊ မြစ်ရေတင်စီမံကိန်းများ၊ စက်မှုဇုန်များ၊ လေယာဉ်ကွင်းအသစ်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စာမတတ်သူ ပပျောက်ရေး စီမံချက်များ၊ စာကြည့်တိုက်စီမံကိန်းများ၊ တစ်မိုင်ခွဲပတ်လည်အတွင်း စာသင်ကျောင်းတစ်ကျောင်းနှုန်း တည်ဆောက်ပေးရေးလုပ်ငန်းများ စသည့်အောင်မြင်မှု သာဓကများကို ပြည်သူတစ်ရပ်လုံး သိရှိစေရေးအတွက် သုတ၊ ရသပညာ ကလောင်စွမ်းအားများဖြင့် တာဝန်ကျေပွန်စွာ ရေးသားပေးနေမှုများအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**စာပေသည် လူမျိုးတစ်မျိုး၏ အသက်ဝိညာဉ်ဖြစ်သည်သာမက တိုင်းပြည်၏ ဂုဏ်လည်းဖြစ်သည့်အတွက် မိမိတိုင်းပြည်၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုဘဝ ကြွယ်ဝစေရန်အတွက်လည်းကောင်း၊ မျိုးရိုး၊ ဇာတိဂုဏ်ကို ဖော်ထုတ်စုဆောင်းတင်ပြရန်အတွက်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် လူငယ်များ၏အင်အား ပါဝင်စေရေးအတွက်လည်ကောင်း၊ နိုင်ငံ၏အမျိုးသားရေး ဘဝဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍအသီးသီးတွင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း စာပေကိုရေမြှင့်ကြာတင့် တိုးတက်ဖွံ့ဖြိုးစေရန် မြှင့်တင်ပေးရန် လိုအပ်။**

❖ စာမျက်နှာ ၃ မှ

လေကြောင်းပို့ဆောင်ရေးအတွက် လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့တယ်။ လေယာဉ်ပြေးလမ်း ပေ ၅၀၀၀ အထက်ရှိတဲ့ လေယာဉ်ကွင်း ၂၁ကွင်းကနေ ၃၈ကွင်းအထိ တိုးတက်တည်ဆောက်နိုင်ပြီး လေယာဉ်ကွင်းပေါင်း ၂၈ကွင်းကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့တယ်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာလည်း၁၉၈၈ခုနှစ်မတိုင်မီကအပြည်ပြည်ဆိုင်ရာသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား ၁၃ခုသာ ရှိခဲ့ရာက အခုကုန်သေတ္တာတင်ချနိုင်တဲ့ ဆိပ်ခံတံတား ၂၈ခု၊ ကုန်းတွင်း ကုန်သေတ္တာစခန်းသုံးခု တိုးချဲ့တည်ဆောက်နိုင်ခဲ့တယ်။ ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်နိုင်ရေးအတွက်လည်း ကျောက်ဖြူနဲ့ထားဝယ်တို့မှာ စီမံဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် ဧရာဝတီတိုင်းအတွင်းမှာလည်း အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးတွေ ဝင်ထွက်ဆိုက်ကပ်နိုင်ရေးအတွက်လည်း စူးစမ်းလေ့လာလျက်ရှိတယ်။

ဆက်သွယ်ရေးအပိုင်းမှာလည်း ယခင် ၁၉၈၈ခုနှစ်က အိပ်ချိန်းရုံး ၂၄၅ရုံးနဲ့ တယ်လီဖုန်း ခြောက်သောင်းခုနစ်ထောင်သာရှိရာက အခုဆိုရင် အိပ်ချိန်းရုံး ၉၀၀နဲ့ လိုင်းတယ်လီဖုန်း တစ်သန်းတစ်သိန်းအထိ တပ်ဆင်နိုင်ပြီဖြစ်တယ်။ မိုဘိုင်းတယ်လီဖုန်း ခြောက်သိန်းတစ်သောင်းကျော်ကို မြို့ကြီးတွေသာမက ပြည်နယ်၊ တိုင်းတွေက မြို့ ၇၃မြို့မှာပါ တပ်ဆင်အသုံးပြုနေပြီဖြစ်တယ်။ ကမ်းနီးပင်လယ်ပြင်နဲ့ ပင်လယ်ကမ်းစပ်က ကျေးလက်ဒေသများမှာပါ ဆက်သွယ်ပြောဆိုနိုင်ကြပြီဖြစ်တယ်။ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းများလည်း တိုးတက်ရရှိနေပြီဖြစ်တယ်။

လျှပ်စစ်ကဏ္ဍမှာလည်း ယခင်က ထုတ်လုပ်မှု ၂၂၈ မဂ္ဂါဝပ်သာရှိရာက ရဲနွယ်၊ ရွှေလီနဲ့ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံများ စတင်ထုတ်လုပ်နိုင်တဲ့အတွက် အခု ၉၇၇မဂ္ဂါဝပ်အထိ တိုးတက်လာခဲ့ပြီဖြစ်တယ်။ မဂ္ဂါဝပ်တစ်သောင်းကျော် တိုးတက်ရရှိလာမည့် စီမံကိန်း ၁၄ခုကိုလည်း အမြန်ပြီးစီးအောင် ကြိုးပမ်းလျက်ရှိတယ်။ ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ မဟာဓာတ်အားလိုင်းများကိုလည်း တည်ဆောက်ပေးလျက်ရှိတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့ တိုးတက်ရရှိစေဖို့ ကမ်းလွန်နဲ့ ကုန်းတွင်းဒေသတွေမှာ ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ တွင်းထွက်သယံဇာတများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိတယ်။

**မောင်တို့မယ်တို့**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း နိုင်ငံတော်အတွက် အရေးပါတဲ့အချက်တစ်ခုဖြစ်တယ်။ ပညာရေးကဏ္ဍမှာ အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်တဲ့အတွက် အခြေခံပညာကျောင်းပေါင်း လေးသောင်းငါးရာခုနစ်ဆယ့်လေးကျောင်း ရှိလာပြီဖြစ်တယ်။

ယခင် တက္ကသိုလ် ၃၂ကျောင်းသာရှိရာက ယခု ၁၅၇ကျောင်းအထိ ရှိလာပြီဖြစ်တယ်။ ၁၉၈၈ခုနှစ်ကနေ ယခုအချိန်ထိ ဘွဲ့ရပညာတတ် ၁၄သိန်းခုနစ်သောင်းကျော်နဲ့ ဘွဲ့လွန်ပညာရှင်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့တယ်။ နိုင်ငံတော်ရဲ့ ဒေသအသီးသီးမှာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းတွေ တိုးတက်ရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့တယ်။ စာတတ်မြောက်မှုနှုန်းဟာလည်း ၉၄ဒသမ၈၃ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံပေါင်း၂၁၀အသစ် ဆောက်လုပ်ပေးခဲ့တဲ့အတွက် ဆေးရုံပေါင်း ၈၄၁ရုံ ရှိနေပြီဖြစ်တယ်။ ဆေးရုံပေါင်း ၁၂၃ရုံကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ခု ဖွင့်လှစ်ပေးခဲ့တယ်။ ပြည်သူများ သက်ရှည်ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့တယ်။

**မောင်တို့မယ်တို့**

ဒို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေဟာ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ နိုင်ငံတော်နဲ့ ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေတဲ့ ပကတိအရှိတရားတွေဖြစ်တယ်။ ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ နယ်ချဲ့တို့ရဲ့ နှစ်ပေါင်း ၁၀၀ကျော် ကျွန်ပြုမှုကို ခံခဲ့ကြရပြီးဖြစ်တယ်။ အခုအချိန်အထိလည်း နယ်ချဲ့တွေအနေနဲ့ သူတို့နဲ့ အယူအဆမတူတဲ့ နိုင်ငံတွေကို နည်းမျိုးစုံနဲ့ တိုက်ခိုက်နေကြဆဲဖြစ်တယ်။ ဒို့တွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများအကျိုးအတွက် ဆောင်ရွက်ရာမှာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်နေလို့သာ ကြံ့ကြံ့ခံရပ်တည်နေနိုင်တာဖြစ်တယ်။ အောင်မြင်နေတာဖြစ်တယ်။ ဒို့နိုင်ငံရဲ့ ဖြစ်ပေါ်တည်ရှိတဲ့ ပကတိဘဝကို နားလည်နိုင်အားမရှိဘဲ အနှောင့်အယှက်မျိုးစုံ၊ ဖိအားမျိုးစုံ ပေးနေပေမယ့် နိုင်ငံတော် ရှေ့ဆက်သွားမည့် ခရီးပန်းတိုင်ဟာ အလှမ်းနီးနေပြီဖြစ်တယ်။

ဘယ်လိုအခြေအနေမျိုးမှာမဆို နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မာစွာ ရပ်တည်ရေးနဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်တယ်။ ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသ တစ်ခုနဲ့တစ်ခုကြား ဆူကြိုနိမ့်မြင့် ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအကြား ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ပြီး ပြည်သူများရဲ့ စားဝတ်နေရေး လူနေမှုဘဝ ပြည့်စုံလုံခြုံရေးတို့အတွက် မဆုတ်မနစ်သော လုံ့လဝီရိယများနဲ့ ဆက်လက်ကြိုးပမ်းလုပ်ကိုင်ကြရဦးမှာဖြစ်တယ်။

**မောင်တို့မယ်တို့**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက နှစ်စဉ်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးတွေ ပြုလုပ်နေခြင်းဟာ တိုင်းကျိုးပြည်ပြု လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများအပေါ် မှန်ကန်စွာသုံးသပ်ပြီး ပိုမိုတိုးတက် ဆောင်ရွက်နိုင်ဖို့ဖြစ်တယ်။ ဆွေးနွေးညှိနှိုင်းမှုက ချမှတ်ပေးတဲ့ ရှေ့လုပ်ငန်းစဉ်များဟာလည်း နိုင်ငံတော်နဲ့ပြည်သူများအကျိုးအတွက် အသင်းကြီးက ပိုမို ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေဖို့ဖြစ်တယ်။

**- ဒါ့ကြောင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်တဲ့ ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့ရဲ့ နယ်မြေအသီးသီးမှာ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြပါ။**

**- တိုင်းပြုပြည်ပြု လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အသင်းကြီးရဲ့ စည်းလုံးညီညွတ်တဲ့ အားနဲ့သာမက မွန်မြတ်တဲ့ စေတနာမှန်နဲ့ ဆောင်ရွက်နေကြတဲ့အသင်းအဖွဲ့များအပါအဝင် လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြပါ။**

**- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စစ်မှန်တဲ့ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြပါ။**

**- နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် အဆင့်တိုင်း အောင်မြင်အောင် ပြည်သူများနဲ့ ဝိုင်းဝန်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**

**- တွေ့ကြုံရမည့်အခက်အခဲ၊ အဟန့်အတားအနှောင့်အယှက်မှန်သမျှကို စုစည်းညီညွတ်တဲ့အား၊ စွန့်လွှတ်စွန့်စားရဲတဲ့သတ္တိနဲ့ ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင်ဆောင်ရွက်သွားကြပါလို့** ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

❒ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) ကျင်းပရာ နေပြည်တော် ရွာတော်ရှိ အစည်းအဝေးခန်းမသို့ ရောက်ရှိလာရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗဟိုနာယက အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးတို့က ကြိုဆိုကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) စတုတ္ထနေ့သို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်များဖြစ်ကြသည့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) ကျင်းပရေး ဗဟိုကော်မတီနှင့်ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှကိုယ်စားလှယ်များ၊ ၂၀၀၈ခုနှစ် ထူးချွန် လူငယ်များနှင့် အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၇၂၇ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဒေါရစ်မြတ်စုမွန်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်မိမိစံက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၏ ခွင့်ပြုချက်အရ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) စတုတ္ထနေ့ အစီအစဉ်များ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေကသြဝါဒစကားမြွက်ကြားသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြွက်ကြားသည့် သြဝါဒစကားကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ထူးချွန်လူငယ်များ ဖြစ်ကြသည့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် အမှတ်စဉ်(၁) မှ(၁၀)ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၄၅ဦး၊ မြန်မာတစ်ပြည်လုံးတွင် ဝိဇ္ဇာဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် အမှတ်စဉ်(၁) မှ (၁၀)ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၁ဦး၊ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၁ဦး၊ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာ အခြေခံသော စိတ်ကြိုက်ဘာသာဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၁၁ဦး၊ အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊၂၀၀၈ခုနှစ်ထူးချွန်ကြက်ခြေနီ တပ်ဖွဲ့ဝင်နှစ်ဦး၊ ၂၀၀၈ခုနှစ် ထူးချွန် အရန်မီးသတ် တပ်ဖွဲ့ဝင်နှစ်ဦး၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ငါးခုနှင့်အထက် ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၀ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၄ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြကာ နံနက်ပိုင်းတွင် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၁-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ တေးဂီတအစီအစဉ်
- ၈း၂၀ ၈။ **"မြို့ကြီးသားယဉ်ကျေးမှု" (လျှမ်းထက်၊ဖိုးချစ်၊ပုလဲဝင်း၊ နန်းဆုရတီစိုး၊စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လူထက်)**
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ အကပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ Yan Can Cook
- ၁၁း၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁း၅၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၁၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာကုဋေကုဋာ" (အပိုင်း-၂၅) (ဇာတ်သိမ်းပိုင်း)**
- ၁း၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁း၄၀ ၈။ Turning a Great River into a Thoroughfare
- ၂း၂၀ ၉။ **"နှစ်မြွာနတ်မိမယ်" (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော်ကျော်)**
- ၂း၃၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၂း၄၅ ၁၁။ International News.
- ၂း၅၅ ၁၂။ အကပြိုင်ပွဲ
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**
- ၅း၁၅ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၅း၃၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၀ ၁၃။ ပဋ္ဌလက်ကျောင်းတော်
- ၇း၃၀ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၁၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၁၁)**
- ၁၉။ အစီအစဉ်ပြီး၏။

**ဇီဝမျိုးစုံ မျိုးကွဲတွေ**

**ကြွယ်စေဖို့**

**သဘာဝ တောတွေ**

**ထိန်းသိမ်းစို့**

**✳ ကျောဖုံးမှ**

အောင်သပြေ (၅)လမ်း အမှတ်(၁)သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ဆရာဆင်ဖြူကျွန်းအောင်သိန်းသည် ရွှေဇင်ကလောင် အမည်ဖြင့် ကဗျာများရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး လွမ်းယမုံဦး ဝတ္ထုမှာ ၎င်း၏ ပထမဆုံးဝတ္ထုဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ကိုဆေးရိုး-၄ ဝတ္ထုတို ပေါင်းချုပ်နှင့် ၁၉၉၆ ခုနှစ်တွင် ကိုဆေးရိုး-၆ ဝတ္ထုတိုပေါင်းချုပ် တို့ဖြင့် အမျိုးသားစာပေဆုများ ရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အရှေ့တောင် အာရှစာပေဆု (S.E.A Write Award)ကို ဆွတ်ခူးရရှိခဲ့ပြီး ၂၀၀၄ ခုနှစ် အတွက် ပခုက္ကူဦးအုံးဖေ စာပေတစ်သက်တာ စာပေဆုကို ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်အတွက် နေမင်းတစ်ထောင်(ရှစ်အုပ်တွဲ)ဖြင့် အမျိုးသားစာပေ (ဝတ္ထုရှည်)ဆုကို ထပ်မံရရှိခဲ့သည်။

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိခြင်းနှင့် စပ်လျဉ်း၍ ဆရာကြီးအား မေးမြန်းရာ "တစ်သက်တာ စာပေဆုဆိုတာ ကိုယ့်ဘဝတစ်သက်တာလုံးမှာ ရေးခဲ့သမျှ စာပေတွေကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်ကချီးမြှင့်တဲ့ ဆုဆိုတော့ ဂုဏ်ယူတာပေါ့၊ ထူးခြားတာကတော့ ဟိုဘက်ခေတ်တွေတုန်းက ဘာဆုမှ မရခဲ့ပါဘူး၊ တပ်မတော်အစိုးရ လက်ထက်မှာမှ ဒီဆုတွေချီးမြှင့်ခံရတာ ထူးခြားမှုတစ်ခုပါ"ဟု ပြောပြသည်။

## ဆရာတက္ကသိုလ်စိန်တင်

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် တိုင်းကျိုးပြည်ဆောင် T.P.S ဘွဲ့ရ မေတ္တာ၊ စေတနာ၊ ကရုဏာရှင်အမျိုးသမီးကြီး ဘွားဦးဇွန်း၏ အတ္ထုပ္ပတ္တိစာအုပ်ဖြင့် အမျိုးသားစာပေ (စာပဒေသာ)ဆုရ တက္ကသိုလ် စိန်တင်အား ၎င်းနေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၆ရပ်ကွက် မိုးမခလမ်း အမှတ်(၁၁၅၇/၁၁၅၈)သို့ သွားရောက်၍ တွေ့ဆုံခဲ့သည်။ "ဘွားဦးဇွန်းရဲ့ အတ္ထုပ္ပတ္တိစာအုပ်ရေးဖို့ အကြောင်းတိုက်ဆိုင်လာတာက ဒီ ၂၀၀၈ ခုနှစ်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ တည်ထောင်ခဲ့ခြင်း (၇၅)နှစ် မြောက် စိန်ရတုမှာပါ။ စိန်ရတုအထိမ်းအမှတ်အနေနဲ့ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာကို တည်ထောင်ခဲ့သူ ဘွားဦးဇွန်းရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပေး ပါလို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့က အကြံပြုတဲ့အတွက် ဒီစာအုပ်ကို ရေးဖြစ်ခဲ့တာပါ။ ဒီစာအုပ် ရေးသားဖို့အတွက် မိမိရဲ့ဇနီး စိမ့်(ပညာရေး)နဲ့အတူ ဘွားဦးဇွန်း တည်ထောင်ခဲ့တဲ့ မန္တလေးမြို့ မင်းကွန်း ဘိုးဘွားရိပ်သာ၊ သထုံမြို့ သုဝဏ္ဏဘူမိ ဘိုးဘွားရိပ်သာ၊ ပခုက္ကူမြို့ ဘိုးဘွား



**"မြန်မာပြည်တစ်နံတစ်လျားမှာ ရှာမှရှားတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် အမျိုးသမီးကြီး ဘွားဦးဇွန်း၏ အတ္ထုပ္ပတ္တိစာအုပ်နဲ့ အမျိုးသားစာပေဆုရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။**

*စာရေးဆရာ တက္ကသိုလ်စိန်တင်*

ရိပ်သာ၊ ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာနဲ့ ရန်ကုန်မြို့ သဃ်န်းကျွန်းရှိ မူလဘွားဦးဇွန်း လူအိုရုံနေရာများကို ကိုယ်တိုင်သွားရောက်လေ့လာပြီး ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မြန်မာပြည် တစ်နံ တစ်လျားမှာ ရှာမှရှားတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာရှင်အမျိုးသမီးကြီး ဘွားဦးဇွန်း၏ အတ္ထုပ္ပတ္တိစာအုပ်နဲ့ အမျိုးသားစာပေဆုရတဲ့အတွက် အတိုင်း မသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်"ဟု ဆရာတက္ကသိုလ်စိန်တင်က ကြေးမုံသို့ ပြောကြားသည်။

ဆရာတက္ကသိုလ်စိန်တင်သည် ကြေးမုံသတင်းစာတွင် မင်းဘူး စိန်တင် အမည်ဖြင့် ကော်လံစား သတင်းထောက်ဘဝမှ စတင်ကာ အိုးဝေ သတင်းစာနှင့် ဂျာနယ်တွင် တာဝန်ခံအယ်ဒီတာ၊ ရုပ်ရှင် ကြေးမုံမဂ္ဂဇင်း တွင် အယ်ဒီတာချုပ်တာဝန်ဖြင့် စာပေရေးရာများကို ဆောင်ရွက်ခဲ့ပြီး ထင်ရှားကျော်ကြားခဲ့သော မြန်မာ့ခေါင်းဆောင်ကြီးများကို အတုယူ၍ မြန်မာလူငယ်များ စံနမူနာယူ ကြိုးစားစေလိုသောဆန္ဒဖြင့် အတ္ထုပ္ပတ္တိ စာအုပ်များကို တစိုက်မတ်မတ် ရေးသားလျက်ရှိရာ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာဦးသန့်၊ ရဲဘော်သုံးကျိပ်မော်ကွန်း၊ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်း၊ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို၊ အိုဘယ့်အနော်ရထာ၊ ပုဂံ မှာ ကျန်စစ်သား၊ ဆိုဗီယက်ယူနီယံ ပြိုကွဲခြင်း စသည့် စာအုပ်များဖြင့် လူသိများ ကျော်ကြားသော စာရေးဆရာတစ်ဦး ဖြစ်သည်။

ဆရာတက္ကသိုလ်စိန်တင်သည် ၁၉၉၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ စာအုပ်ဖြင့် ပထမအကြိမ် အမျိုးသားစာပေဆုရရှိခဲ့ပြီး ဘွားဦးဇွန်း၏ အတ္ထုပ္ပတ္တိစာအုပ်မှာ ဒုတိယ အကြိမ် ဆုရရှိခြင်း ဖြစ်သည်။ ယနေ့အချိန်အထိ လုံးချင်းစာအုပ်ပေါင်း



**"ကိုယ့်ဘဝ တစ်သက်တာလုံးမှာ ရေးခဲ့သမျှ စာပေတွေကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်က ချီးမြှင့်တဲ့ဆုဆိုတော့ ဂုဏ်ယူတာ ပေါ့"**

*အမျိုးသားစာပေတစ်သက်တာဆုရ*
*စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်း*

၃၇ အုပ် ထုတ်ဝေပြီးဖြစ်ကာ လက်ရှိတွင် နန်းမတော်မယ်နုအကြောင်း ရေးသားပြုစုနေဆဲဖြစ်ကြောင်း သိခဲ့ရသည်။

## ဆရာမ စန္ဒာခင်

ဆက်လက်၍ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုကို "နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ" စာအုပ်ဖြင့် ဆုရရှိခဲ့သူ ဆရာမ စန္ဒာခင် (ရှေးဟောင်းသုတေသန)နှင့် တွေ့ဆုံရာတွင် ဆရာမ ဒေါ်စန္ဒာခင်က သူမအနေဖြင့် ပုဂံယဉ်ကျေးမှုနယ်မြေ အပါအဝင် ရှေးဟောင်းဇုန်နယ်မြေများ တူးဖော်ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက် ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ရခြင်းကြောင့် ပုဂံခေတ်၏ ကြီးကျယ်ခမ်းနားမှု၊ ထိုခေတ်ဗိသုကာလက်ရာများ၏ ပြောင်မြောက်မှုနှင့် ပန်း ၁၀မျိုး အတတ် ပညာများကို တွေ့မြင်သိရှိလာကာ အများပြည်သူကိုလည်း သိရှိအောင် ဖြန့်ဝေလိုသည့် ရည်ရွယ်ချက်ရှိခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ "ယဉ်ကျေးမှုအမွေပုဂံမြေ" ခေါင်းစဉ်ဖြင့် အမျိုးသားပြတိုက် တွင် ပြပွဲကျင်းပခဲ့ရာ ၎င်းပြပွဲတွင် ပြပွဲလာကြည့်သူများ ပုဂံမြေသို့ရောက် သည့်အလား ခံစားရစေရန် ရုပ်ပုံရုပ်ကြွများနှင့် နံရံဆေးရေးပန်းချီများကို ပုံတူကူး ထည့်သွင်းပြသခဲ့ရာ ပြပွဲလာရောက်ကြည့်ရှုသူများ၏ စိတ်ဝင် တစား အားပေးကြည့်ရှုမှုကို တွေ့ရှိခဲ့ရာမှ ဤစာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဤစာအုပ်ကို ရေးသားပြုစုခဲ့ရာတွင် ပုဂံခေတ်၏ လူနေမှု ပုံရိပ်များကို စတင်ရေးသားခဲ့ရကြောင်း၊ ရေးသားရာတွင်လည်း အပိုအလို မရှိ ကျစ်လျစ်သိပ်သည်းအောင်နှင့် စာဖတ်ပရိသတ် လွယ်ကူရှင်းလင်းစွာ နားလည်သဘောပေါက်ခံစားနိုင်အောင် ရေးသားခဲ့ပါကြောင်း ပြောကြား သည်။

## ဂုဏ်ယူပီတိဖြစ်ရ

ဆက်လက်၍ ဒေါ်စန္ဒာခင်က ဆုရရှိခြင်းအတွက် ဝမ်းသာပီတိဖြစ် ရခြင်းကို ပြောကြားရာတွင် "မိမိလက်ရှိ တာဝန်ထမ်းဆောင်နေသော လုပ်ငန်းခွင်ဘာသာရပ်ထဲမှ အကြောင်းအရာတစ်ရပ်ကို ပြုစုရေးသား ထုတ်ဝေနိုင်ခဲ့ခြင်းအတွက် ဝမ်းသာပီတိ ဖြစ်ရခြင်းနှင့်အတူ ယခုကဲ့သို့ နိုင်ငံတော်မှ ချီးမြှင့်သော အမျိုးသားစာပေဆုကိုပါ ရရှိခဲ့ခြင်းအတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ထို့ပြင် ယခုစာအုပ်မှာ မိမိ တာဝန်ထမ်းဆောင်ရာဌာနမှ ထုတ်ဝေသည့် စာအုပ်ဖြစ်သည့်အတွက်



**"မိမိတာဝန်ထမ်း ဆောင်နေ သော လုပ် ငန်း ခွင် ဘာသာရပ်ထဲမှ အကြောင်းအရာ တစ်ရပ်ကို ပြုစုရေးသား ထုတ်ဝေနိုင် ခဲ့ ခြင်းအတွက် မိမိဌာနအတွက်ပါ ဂုဏ်ယူ ပီတိဖြစ်ရ"**

*ဒေါ်စန္ဒာခင် ဒုတိယ ညွှန်ကြား ရေး မှူးချုပ် (ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)*

ယဉ်ကျေးမှုဝန်ကြီးဌာနအတွက်ပါ ဂုဏ်ယူပီတိဖြစ်ရပါကြောင်း" ပြောကြား သည်။

ဆရာမစန္ဒာခင် (ရှေးဟောင်းသုတေသန)၏ နာမည်ရင်းမှာ ဒေါ်စန္ဒာခင်ဖြစ်ပြီး ဒေါက်တာချစ်-ဒေါ်ကြည်ကြည်ညွှန့်တို့၏ သမီးဖြစ် ကာ ၁၉၆၁ ခုနှစ်တွင် မိတ္ထီလာမြို့၌ မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့(ဓာတုဗေဒ)၊ မဟာဘွဲ့(ဓာတုဗေဒ)တို့ကို ရရှိခဲ့သည်။ ရှေးဟောင်း သုတေသနဆိုင်ရာ စာတမ်းများ ပြုစုရေးသားဖတ်ကြားခဲ့ပြီး သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် အတွေးအမြင်ဆိုင်ရာဆောင်းပါးနှင့် ဝတ္ထုတို များ ရေးသားခဲ့သည်။ လက်ရှိတွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ရာထူးတာဝန် ထမ်းဆောင်လျက်ရှိသည်။

## ဆရာတင်မောင်မြင့်

ဆက်လက်ပြီး ၂၀၀၇ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် (ရသ) စာပေဆုကို "အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ" စာအုပ်ဖြင့် ဆုရရှိသူ ဆရာတင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၎င်းက အမျိုးသား စာပေဆုကို တတိယအကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး ပထမအကြိမ်မှာ ၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်သုတ)ကို "မဒမ်ကျူရီ" စာအုပ်ဖြင့် ရရှိခဲ့ကာ ဒုတိယအကြိမ်တွင် (ဘာသာပြန်ရသ) ဆုကို ၂၀၀၅ ခုနှစ်တွင် "တောင်ပံမဲ့သင်းကွဲ တေးဆိုငှက်"စာအုပ်ဖြင့် ရရှိခဲ့ ကြောင်း၊ ယခုဆုရရှိသည့် "အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ"စာအုပ်မှာ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်သော အေအိုင်ဒီအက်စ်ရောဂါကို မိမိ၏ ဖောက်ပြန်မှုကြောင့်မဟုတ်မူဘဲ ကံတရား၏ ရိုက်ခတ်မှုကြောင့် ရရှိခံစား



**"ဘာသာပြန်စာပေများ ယခုထက် ပိုမိုပေါ်ထွက်လာစေလို"**

*တင်မောင်မြင့်*
*အမျိုးသားစာပေ(ဘာသာပြန်-ရသ)*

နေရသူ အမျိုးသမီးကြီးတစ်ဦး အကြောင်းဖြစ်ပြီး အလွန်ကြောက်ရွံ့ ထိတ်လန့်ဖွယ် ရောဂါဖြစ်ပြီး အများ၏ ဝိုင်းပယ်ခြင်းကို ခံရသည့် ဝေဒနာသည်တစ်ဦးဖြစ်ခဲ့သော်လည်း သေခြင်းတရားကို ကြံ့ကြံ့ခံ ရင်ဆိုင် ရင်း ဘဝကို အဆုံးသတ်သွားခဲ့ပုံအား ဘာသာပြန်ထားသည့် စာအုပ်ဖြစ် ကြောင်း ပြောကြားသွားသည်။

ဆရာတင်မောင်မြင့်၏ အမည်အရင်းမှာ ဦးတင်မောင်မြင့်ပင်ဖြစ် ပြီး ဧရာဝတီတိုင်း ဟင်္သာတခရိုင် စစ်ကျွန်းရွာတွင် အဖ ဦးမောင်ဒွေး အမိ ဒေါ်ကျော့စိန်တို့မှ ၁၉၃၆ ခုနှစ်တွင် မွေးဖွားသည်။ ရန်ကုန်မြို့ ရေကျော် ဦးမောင်မောင် အလွတ်ပညာသင်ကျောင်းတွင် အလယ်တန်း အောင်မြင်ပြီး တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း ယခု အထက (၁)မှ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ၁၉၆၁ ခု တွင် ဘီအိုစီကုမ္ပဏီ (ယခု MOGE)တွင် အလုပ်ဝင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ငွေစာရင်းအရာရှိအဖြစ်နှင့် အငြိမ်းစားယူခဲ့သည်။ ငွေကျွန် အမည်ရှိ ပထမဆုံးဘာသာပြန် စာအုပ်ကို ၁၉၈၃ခုနှစ်တွင် ဆရာမြတ်ငြိမ်းနှင့်တွဲ၍ ဘာသာပြန်ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတစ်ဦးတည်းသာ ဘာသာပြန် စာပေများကို ရေးသားခဲ့ရာ ယခုချိန်ထိ ဘာသာပြန်လုံးချင်း စာအုပ်ပေါင်း ၅၀ ကျော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ကျောင်းသား ဘဝက ကဗျာများ စတင်ရေးသားခဲ့ပြီး ကြေးမုံသတင်းစာတွင် ၁၉၆၁ခုနှစ် မှစ၍ ညိုမြင့်(ရေနံ) အမည်ဖြင့် ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ဆရာတင်မောင်မြင့်သည် ၎င်းရေးသားဘာသာပြန်ခဲ့သည့် ဘာသာပြန် ဝတ္ထုများအနက် ၁၉၈၂ ခုနှစ်အတွင်း ဘာသာပြန်ခဲ့သော "မဟာရံတံတိုင်း ကို ဖြတ်ကျော်ခြင်း"စာအုပ်အား အနှစ်သက်ဆုံးနှင့် ဘာသာပြန်ရာတွင် စိတ်ဝင်စားမှုအရှိဆုံးဖြစ်ခဲ့ကြောင်း သိရှိရသည်။ ယခုအခါတွင် ကမ္ဘာကျော် စာရေးဆရာ တော်လ်စတွိုင်း၏ ဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်ဆိုနေဆဲ ဖြစ်ကြောင်း သိရှိရသည်။

ဆရာ့အနေဖြင့် ယခုကဲ့သို့ ဘာသာပြန်စာပေများ ရေးသားရသည့် ရည်ရွယ်ချက်အား ကြေးမုံသို့ပြောကြားရာတွင် ယနေ့ခေတ် ဘာသာပြန် စာပေများကို လူငယ်ရော၊ လူကြီးပါ စိတ်ဝင်တစား ကြိုးစားပြီး ရေးသားကြ ခြင်းဖြင့် ဘာသာပြန်စာပေများ အရည်အသွေး တိုးတက်စေလိုသော ဆန္ဒ အပြင် မြန်မာစာပေလောကတွင် ဘာသာပြန်စာပေများ ယခုထက်ပိုမို ပေါ်ထွက် လာစေလိုသော စေတနာဖြင့် ရေးသားရခြင်းဖြစ်ပါကြောင်း ပြောကြားသွားသည်။

ယခုအခါ ဆရာတင်မောင်မြင့်သည် အမှတ်(၉၆)၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့တွင် မိသားစု နှင့်အတူ နေထိုင်ရင်း စာပေများကို ရေးသားလျက်ရှိသည်။

**(ဆက်လက်ဖော်ပြပါမည်)**

❀ ကျောဖုံးမှ

ဖြောင့်ဖြူးသည်ဖြစ်ရာ လမ်းဘေးဝဲယာ တစ်လျှောက် မြင်ကွင်းများကို စိတ်တိုင်းကျ လှေ့လာမြင်တွေ့ခွင့်ရသည်။ ရေပြည့်နေသော လယ်ကွင်းများ၊ ရိတ်သိမ်းနေသော စပါးခင်းများ၊ လုပ်ငန်းခွင်ဝင်ရောက်ရန် ကျွဲနွားများဖြင့် လယ်ကွင်းများဆီ ဦးတည်သွားလာနေသူများကို မြင်တွေ့ရသည်။

"ဒီလယ်ကွင်းတွေထဲမှာ ရေပြည့်နေတာက နွေစပါးအတွက် အသင့်ပြင်ဆင်နေတာလေ။ သနပ်ပင်မြို့နယ်က ပဲခူး-စစ်တောင်းတူးမြောင်းကလည်း လယ်ရေ ရတော့စိုက်ပျိုးရေးအတွက်က ပူစရာမလိုတဲ့မြို့နယ်ပေ့ါ"ဟု သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသည့် ပဲခူးတိုင်း မြေစာရင်း ဦးစီးဌာနမှူး ဦးဇော်မင်းက လယ်ကွင်းများကို လက်ညှိုးထိုးပြရင်း ပြောပြပါသည်။

ပဲခူးတိုင်းသည် ပထဝီမြေအနေအထားအရ ဆန်စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု အသင့်တော်ဆုံးတိုင်းဟုပင် ဆိုရမည်ဖြစ်သည်။ မြေပြန့်ပေါ်များသည့်အပြင် ဆည်မြောင်း၊ တာတမံနှင့် အင်း၊ အိုင်၊ ချောင်း၊ မြောင်းများလည်း ပေါများလှသည်ဖြစ်ရာ စိုက်ပျိုးရေးအတွက် သဘာဝက အရန်သင့် ဖြည့်ဆည်းပံ့ပိုးပေးထားသည်ကို သတိပြုမိသည်။

"ပဲခူးတိုင်းအတွင်းမှာ မနှစ်က စိုက်ပျိုးနိုင်တဲ့ မြေဟာ ၃၂၉၇၈၅၅ ဧကရှိပြီး လက်ရှိစိုက်ပျိုးမြေကတော့ ၃၂၅၇၅၈၉ ဧက ဖြစ်ပါတယ်။ ဒီအထဲမှာ လယ်ယာမြေက ဧက ၂၆၂၃၃၈၀ ဖြစ်ပြီး စုစုပေါင်း ၆၇၀၉၈၅၅ ဧက စိုက်ပျိုးလုပ်ကိုင်နေကြတာပေ့ါ။ မိုးမှာ စိုက်ပျိုးနိုင်ခဲ့တဲ့ ဧကကတော့ ၄၀၂၃၀၉၀ ဧကဖြစ်ပြီး ဆောင်းမှာ စိုက်ပျိုးနိုင်ခဲ့တဲ့ ဧကကတော့ ၂၆၈၆၇၆၅ ဧက ဖြစ်ပါတယ်။ သီးထပ်စိုက်ဧကချည်းပဲ ၂၂၃၈၆၆၅ ဧက စိုက်ပျိုးခဲ့ပြီး သီးညှပ်စိုက်ပျိုးတာချည်းပဲ ၆၀၉၉၄၁ ဧက ရှိခဲ့ပါတယ်" ဟု ပဲခူးတိုင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းက ရှင်းပြသည်။



**"အရင်နှစ်ကထက် ဧကပို စိုက်ပျိုးနိုင်ပြီး လယ်ရေအတွက်လည်း ပူစရာမလိုပါဘူး"**

*ဦးဇော်မင်း*
*တိုင်းမြေစာရင်းဦးစီးဌာနမှူး*
*ပဲခူးတိုင်း*

ပဲခူးတိုင်းအတွင်း ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း မိုးရာသီစိုက်ဧက ၄၂၃၉၈၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။ ယခင်နှစ်က စပါးစိုက်ဧက ၃၀၁၁၀၀၄ ဧကစိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုနှစ်၌မူ ၃၀၁၁၁၈၂ ဧက စိုက်ပျိုးနိုင်မည်ဖြစ်ရာ ယခင်နှစ်ကထက် ၁၄၀၆၂ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့လှေဆိပ်၌ ကားရပ်လိုက်သဖြင့် မေးကြည့်ရာ စက်လှေ



**သနပ်ပင်မြို့နယ် ထောင်မင်း ဧက ၅၀၀၀ နွေစပါးစိုက်ခင်းအတွင်း ပျိုးခင်းများကို ဤသို့ တစ်ခွင်တစ်ပြင် တွေ့ရစဉ်။**

ဖြင့် နှစ်မိုင်လောက်သွားရမည်ဟုဆိုသဖြင့် စက်လှေပေါ် တက်လာခဲ့သည်။ စက်လှေဖြင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း မောင်းနှင်လာခဲ့ရာ အတန်ကြာ၌ ထောင်မင်းဧက ၅၀၀၀ စိုက်ခင်းသို့ ရောက်ရှိခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းကို မေးတင်ကာ ဧက ၅၀၀၀ စိုက်ခင်းပြုလုပ်ထားမှုနှင့်ပတ်သက်ပြီး သနပ်ပင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးအရာရှိ ဦးစိုးမင်းထွန်းက "ဒီဧက ၅၀၀၀ စိုက်ခင်းမှာ ပါဝင်တဲ့ မြေအစိတ်အပိုင်းတွေက ထောင်မင်းကျေးရွာမှ ၃၃၃၉ ဧက၊ အပိုင်ကျေးရွာမှ ၉၁၁ ဧကနဲ့ ဂျာပကစ်ရွာမှ ဧက ၇၅၀ စုပေါင်းထားတဲ့ စိုက်ကွင်းကြီး ဖြစ်ပါတယ်။ ဒီသုံးရွာရဲ့ စုစုပေါင်းစိုက်ဧက ကတော့ ၁၁၁၁၇ ဧက ဖြစ်ပါတယ်"ဟု သတင်းအဖွဲ့ကို ရှင်းပြသည်။

နွေစပါးအတွက် ပြင်ဆင်နေသော စံပြစိုက်ကွင်းကြီးကား ပဲခူး-သနပ်ပင်ကားလမ်းနှင့် ပဲခူး-စစ်တောင်း တူးမြောင်းအကြားရှိ မြေဧကတစ်ခွင်တစ်ပြင်ကြီးပင်ဖြစ်သည်။

"ကျွန်တော်တို့ကတော့ အထူးအထွက်တိုးဇုန်ကြီးအဖြစ် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ မျိုးဧက ၁၀၀ ကျော် ပျိုးထောင်ထားပြီးဖြစ်သလို တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းနဲ့ ပျိုးပင်ချ စိုက်ပျိုးနည်းတွေနဲ့ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ အခုလောလောဆယ် ဧက ၅၀၀၀ မှာ နွေစပါး ၈၁ ဧက စိုက်ပျိုးနေပြီး ဆက်လက်စိုက်ပျိုးနေပါတယ်။ မနှစ်က တစ်ဧက ၈၂ တင်းကျော်ထွက်ရှိပေမယ့် ဒီနှစ် တစ်ဧက တင်း ၁၀၀ အထိ ထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးတင်ဦးကြိုင်က ရှင်းပြသည်။

ဧက ၅၀၀၀ စိုက်ခင်းအတွင်းမှ နွေစပါးစိုက်ပျိုးနေမှု၊ ပျိုးထောင်နေမှုများကို လယ်သမားများက တက်တက်ကြွကြွနှင့် လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လယ်ထွန်နေသူများက တေးသီချင်းတကြော်ကြော်အော်ဆိုကာ လယ်ယာလုပ်ငန်းခွင် ဝင်နေမှုသည် စပါးစိုက်တောင်သူတို့၏ စိတ်ချမ်းမြေ့လွတ်လပ်မှုမှာ ရင်သို့ ကူးစက်ခံစားရလေသည်။



**ရိတ်သိမ်းရန်အသင့်ဖြစ်နေသော မိုးစပါးခင်းများကလည်း သီးနှံများ ဖြိုးအက်စွာ ဤသို့တွေ့ရစဉ်။**

ထို့နောက် ထောင်မင်းကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးမောင်လွင်အား တွေ့ဆုံမေးမြန်းရာ "မိုးစပါး ဧက ၂၀ စိုက်ပျိုးထားခဲ့တာ အခုတော့ ရိတ်သိမ်းပြီးပါပြီ။ စပါးအထွက်က မနှစ်ကထက် တစ်ဧက ငါးတင်းလောက် ပိုထွက်ပါတယ်။



**ညောင်လေးပင်မြို့နယ်အဝင် စပါးစိုက်ခင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ဤသို့ တွေ့ရသည်။**

ကျွန်တော့်လယ်က ထွက်သမျှ စပါးတွေကို ပဲခူးနဲ့ သနပ်ပင်မြို့ ကုန်သည်တွေက လာဝယ်သလို ပဲခူးက ဦးအုံကြီးပွဲရုံ၊ သနပ်ပင်က စပါးကုန်သည်တွေဖြစ်တဲ့ ဦးခင်မောင်နိုင်၊ ဒေါ်ချိုတို့ ပွဲရုံတွေကလည်း လာဝယ်ကြပါတယ်။ စပါးဈေးက ဒေသပေါက်ဈေးအတိုင်း ပေးဝယ်ကြပါတယ်"ဟု ဖြေကြားသည်။

**ဒေသပေါက်ဈေးနှင့် ကုန်သည်များကို ရောင်းချရာတွင် တောင်သူများက အမြတ်အစွန်းရကြောင်း၊ ဒေသပေါက်ဈေးသည် တောင်သူများအတွက် တွက်ခြေကိုက်သည့် ဈေးနှုန်းဖြစ်ကြောင်း သတိပြုမိသည်။ ထို့ပြင် တောင်သူများကုန်ကျစရိတ်ကာမိအောင်နှင့် ပိုမိုအမြတ်အစွန်းရရန်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။**

ထို့နောက် စပါးစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးဂျပန်ကလည်း "ကျွန်တော်က ဧက ၇၀ စပါးစိုက်ပါတယ်။ မျိုးတွေကတော့ ဆင်းသွယ်လတ်၊ မနောသုခ၊ ရတနာအောင်မျိုးတွေစိုက်ပါတယ်။ အခု မိုးစပါးတွေရောင်းဖို့ စီစဉ်နေပါတယ်။ လက်ရှိစပါးတင်း ၁၄၀၀ ရောင်းဖို့အတွက် ဝယ်သူတွေ ရောက်နေပြီ။ ဒေသပေါက်ဈေးနဲ့ ရောင်းဖြစ်သွားမှာပါ။ အများအားဖြင့်တော့ ပဲခူးက ကုန်သည်တွေ လာဝယ်ကြတယ်။

စပါး အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ဝယ်လက်တွေ ရှိနေတယ်ပေ့ါ"ဟု သတင်းအဖွဲ့သို့ ပြောပြသည်။

**တောင်သူများထံမှ စပါးများနှင့် ကုန်သည်များတွင်ရှိသော စပါးများကို ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ကလည်း ဝယ်ယူကာ ပြည်ပသို့ တင်ပို့ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။**



**"ဧက ၅၀၀၀ စိုက်ခင်းက ထွက်သမျှ စပါးတွေ အကုန်ဝယ်ယူသွားမှာပါ"**

*ဒေါ်ချို*
*စပါးကုန်သည်*
*သနပ်ပင်မြို့*

ထို့နောက် ထောင်မင်းကွင်းအတွင်း စပါးများ လိုက်လံဝယ်ယူနေသူ ကုန်သည်တစ်ဦးအား တွေ့ဆုံမေးမြန်းရာ "ဒေါ်ချိုလို့ခေါ်ပါတယ်၊ သနပ်ပင်မြို့ကပါ၊ အခုအချိန်ထိ စပါးတင်းပေါင်း ၅၀၀၀၀ ကျော် ဝယ်ပြီးသွားပါပြီ။ စပါးတွေ ဆက်ဝယ်ဖို့အတွက် တောင်သူတွေမှာ ရှိသေးလားဆိုတာ လာကြည့်တာပါ။ ကျွန်မတို့နဲ့အပြိုင် ဘားအံဘက်က ကုန်သည်တွေ၊ ကုမ္ပဏီတွေက လာရောက်ဝယ်ယူနေပါတယ်။ အခု ဧက ၅၀၀၀ စိုက်ခင်းက ထွက်သမျှ စပါးတွေကို ကျွန်မ အကုန်ဝယ်ဖို့လည်း ဆုံးဖြတ်ထားပါတယ်။ ဝယ်ရင်လည်း ဒေသပေါက်ဈေးအတိုင်း ဝယ်မှာပါ။ တောင်သူတွေ နစ်နာအောင်မျိုး ဈေးနှိမ်ဝယ်ယူမှာမဟုတ်ပါဘူး။ ပေါက်ဈေးအတိုင်း နှစ်ဦးနှစ်ဖက်မနစ်နာအောင် ဝယ်ယူသွားမှာ ဖြစ်ပါတယ်"ဟု စိတ်ပါလက်ပါ ရှင်းပြသည်။

ဧက ၅၀၀၀စိုက်ခင်းမှ သနပ်ပင်မြို့သို့ စက်လှေဖြင့် ပြန်လာခဲ့ကြသည်။ လမ်းတစ်လျှောက် စပါးအိတ်များကို လှည်းများ၊ မော်တော်ကားများဖြင့် သယ်ယူနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ သနပ်ပင်မြို့သည် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ဖောက်ကားမှု ဖွံ့ဖြိုးသည့် မြို့တစ်မြို့ ဖြစ်သည်။

ထို့နောက် သနပ်ပင်မြို့မှ ညောင်လေးပင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ နေ့ခင်းနေအပူချိန် ပြင်းထန်သည့်အပြင် အချိန်မီအောင် ကားကို အပြင်းမောင်းနှင်နေသဖြင့် ပြင်ပရှုခင်းကို သဲသဲကွဲကွဲမမြင်ရချေ။ လမ်းတစ်လျှောက်ကုန်တင်ကားကြီးများ အစီအရီ ဖြတ်သန်းမောင်းနှင်နေသည်ကို ကြည့်လိုက်ရာ စပါးများကို အပြည့်တင်လာသော ဆယ်ဘီးတပ်ကုန်တင်ယာဉ်များ ဖြစ်နေသည်။ ညောင်လေးပင်မြို့နယ်ရောက်တော့ ညနေ ၄ နာရီ။

"ညောင်လေးပင်မြို့နယ်မှာ မိုးစပါးစိုက်ဧက ၁၃၅၀၀၀စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၉၅၀၀ စိုက်ပျိုးနေပါတယ်။ ပဲမျိုးစုံကတော့ ဧက ၉၀၀၀၀ နဲ့ ဆီထွက်သီးနှံဧက ၂၅၀၀၀ လောက် စိုက်ပျိုးထားသလို ဟင်းသီးဟင်းရွက်က ဧက ၁၃၀၀၀ လောက် စိုက်ပျိုးထားပါတယ်။ မိုးစပါးရိတ်ပြီးသွားတာ ဧက ၄၅၀၀၀ ကျော်ရှိနေပြီး တစ်ဧကအထွက်နှုန်းက ၈၆ ဒသမ ၅၀ တင်းနှုန်း ရှိနေတာမို့ မျှော်မှန်းထားတာနဲ့ ကျော်လွန်ပြီး ထွက်ခဲ့ပါတယ်။ မနှစ်ကထက်လည်း စပါးထွက်နှုန်း ပိုခဲ့ပါတယ်။ မနှစ်က တစ်ဧက ၈၄ဒသမ၃၉တင်းပဲ ထွက်ခဲ့တာပါ"ဟု ညောင်လေးပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးထွန်းရီက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ညောင်လေးပင်မြို့နယ်၏ မိုးစပါး စိုက်ခင်းတို့ကို သွားရောက်လေ့လာရာ စပါးနှံများ ဖြိုးအက်လျက်ရှိနေသည်ကို တွေ့ရသည်။

စပါးစိုက်ခင်းအတွင်း တောင်သူကြီးတစ်ဦးကိုတွေ့၍ မေးမြန်းကြည့်ရာ "ဦးဟန်ကြီးလို့ ခေါ်ပါတယ်။ ပြွန်တန်ဆာမြို့ မြို့မ(၄)ရပ်ကွက်မှာ နေထိုင်ပြီး ဒီကွင်းကတော့ ဝဲဝင်းကွင်းလို့ ခေါ်ပါတယ်။ ကျွန်တော်က ဧက ၃၀ စိုက်ပျိုးတာ တစ်ဧကတင်း ၉၀ နှုန်း ထွက်ရှိခဲ့တာမို့ မနှစ်က တစ်ဧကတင်း ၈၀နှုန်းထက် အများသားပေ့ါ။ ကျွန်တော့်လယ်က ထွက်တဲ့ မိုးစပါးတွေကတော့ ညောင်လေးပင်က ကုန်သည်တွေ လာဝယ်သွားကြပါပြီ" ဟု ဖြေကြားသည်။

ထို့နောက် ဝဲဝင်းကွင်းကျေးရွာမှ လယ်သမားကြီး မောင်ရွှေကလည်း "ဧက ၂၀ စိုက်တာ အကုန်ရိတ်ပြီးတော့ ရောင်းပြီးသွားပါပြီ။ ကျွန်တော့်လယ်က မနှစ်ကထက် တစ်ဧက ငါးတင်းလောက် ပိုထွက်ခဲ့တာမို့ အဆင်ပြေပါတယ်။ မနက်ကတောင် စပါးကုန်သည်တစ်ဦးက ကျွန်တော့်မှာ စပါးလက်ကျန်ရှိလားလို့ လာမေးနေသေးတယ်။ စပါးအရောင်းအဝယ်က ပုံမှန်ဖြစ်နေတာပါပဲ"ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

ဝဲဝင်းကွင်းကျေးရွာမှ တစ်ဆင့် ပြွန်တန်ဆာမြို့တွင် စပါးများဝယ်ယူကြိတ်ခွဲနေသော ပန်ဒါဆန်စက်သို့ ရောက်ရှိခဲ့သည်။ ဆန်စက်ရှေ့တွင် စပါးလာရောင်းသူများ၊ စပါးအိတ်များ၊ ကတ္တားဖြင့် စပါးအိတ်များကို ချိန်တွယ်နေမှုများကို ရပ်ကြည့်နေမိသည်။

"ကျွန်တော်တို့ ဆန်စက်ကတော့ ပုံမှန်ဝယ်ယူကြိတ်ခွဲမှုနဲ့ လည်ပတ်နေတာပါ၊ တစ်နေ့ကို စပါးတင်းရသမျှတော့ ဝယ်ယူနေတာပါပဲ။ စပါးတင်း ၆၀၀၀ကျော်တော့ ဝယ်ယူကြိတ်ခွဲနေပါတယ်။ ဝယ်ယူပြီးတဲ့ စပါးကြိတ်ခွဲပြီး ဆန်တွေကို မိတ္ထီလာ၊ ပျော်ဘွယ်နဲ့ ရန်ကုန်မြို့တွေဆီ ဖြန့်ဖြူးနေပါတယ်။ ကျွန်တော်တို့နဲ့အပြိုင် ဆုပိုင်ပွဲရုံ၊ ဖြိုးခနဆန်စက်ပွဲရုံ၊ ငွေဥဒေါင်းဆန်စက်ပွဲရုံ၊ အောင်ရတနာဆန်စက်ပွဲရုံနဲ့ ပြည်တော်သာဆန်စက်ပွဲရုံတွေကလည်း ဒေသထွက်စပါးတွေကို ဝယ်ယူနေကြပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်လည်ပတ်နေပါတယ်" ဟု ပန်ဒါဆန်စက်တာဝန်ခံ ကိုမျိုးသန့်က ရှင်းပြသည်။

ညောင်လေးပင် မြို့နယ်အတွင်း စပါးစိုက်တောင်သူများက မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီး နွေစပါးကို စိုက်ပျိုးရန် စိုင်းပြင်းနေကြပြီဖြစ်သည်။ စပါးထွက်ရှိမှု၊ ရောင်းဝယ်မှုများမှာလည်း ပုံမှန်လည်ပတ်လျက်ရှိရာ စပါးစိုက်လယ်သမားကြီးတို့ မျက်နှာဝယ် အပြုံးပန်းများ ယှက်သန်းလျက်။



**ပြွန်တန်ဆာမြို့ ပန်ဒါဆန်စက်တွင် စပါးအိတ်များကို ချိန်တွယ်ဝယ်ယူနေသည်ကို တွေ့ရစဉ်။**

**❑ ကျောဖုံးမှ**

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)တွင် ပထမဆုကို အောင်စိုး(စိုက်ပျိုး-၁၀၇)၏ 'ပို့စ်ဟာဗက်-ဆွတ်ခူးပြီးနောက်ပိုင်းဝယ်'က လည်းကောင်း၊ ဒုတိယဆုကို မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ 'သိကောင်းစရာ e-commerce' ကလည်းကောင်း၊ တတိယဆုကို ဂိုးလှမောင်(မြို့မ)၏ 'မွေးမြူရေးခြံများကို ခြိမ်းခြောက်နေသော သက်ရှိသက်မဲ့နှင့် သဘာဝဘေးအန္တရာယ်များ'ကလည်းကောင်း ရရှိကြသည်။

စာပဒေသာဆုတွင် ပထမဆုကို အောင်စိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်)၏ 'ဟေဝန်ဟေမာသတ္တဝါတို့၏ နိမိတ်ပုံလွှာ'ကလည်းကောင်း၊ ဒုတိယဆုကို သောင်းညွန့်သစ်၏ 'တစ်ခေတ်တစ်ချိန်က ချင်းရိုးမဆီ ရောက်ခဲ့စဉ်က' ကလည်းကောင်း၊ တတိယဆုကို အောင်မင်းမြင့်၏ 'ကွယ်လွန်ထင်ရှား ဆရာ(၁၀၀)၏ အားမာန်များ'ကလည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို မအေးချမ်း(မြန်မာစာ)၏ 'မြန်မာ့သဘင်မှုအနုပညာနှင့်အသုံးတွင် စကားများ'ကလည်းကောင်း၊ ဒုတိယဆုကို သိန်းသန်းဝင်း(မလှိုင်)၏ 'မြန်မာ့ဆိုင်း'ကလည်းကောင်း၊ တတိယဆုကို အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏ 'သုတေသနခရီးသွား ဇေယျာပူရမှတ်တမ်းများ'ကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို လူမွန်(ပခုက္ကူ)၏ 'ဦးဦးလက်ဆောင် ကလေးကဗျာများ'ကလည်းကောင်း၊ ဒုတိယဆုကို တက္ကသိုလ်တောသား၏ 'မင်္ဂလာချိုတေးသံကဗျာများ'ကလည်းကောင်း၊ တတိယဆုကို မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၏ 'ယဉ်ကျေးလိမ္မာ အနာဂတ်ရတနာနှင့် အခြားဝတ္ထုတိုများ'ကလည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို မောင်ကြည်သန့်၏ 'အောင်မြေစွန်းရွှန်းသစ်စ အလှနေခြည်'က လည်းကောင်း၊ ဒုတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ 'မြန်မာကမွေး မြန်မာသွေး စွေးစွေးနီ'က လည်းကောင်း၊ တတိယဆုကို အောင်ကျော်ဆန်း၏ 'အညတရဘာဝရေဆန်'ကလည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ 'ရင်ခွင်နွေး' ကလည်းကောင်း၊ တတိယဆုကို မောင်ဆန္ဒ(လယ်ဝေး)၏ 'ပိုး'က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဦးအောင်စိုးဦး၏ 'အသိဉာဏ်ပစ္စည်းနှင့် ရိုးရာယဉ်ကျေးမှုဖော်ထုတ်ချက်များ၊ ရိုးရာဓလေ့များ'က ရရှိကြသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ်(၁၂)မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများလက်ခံရရှိသော်လည်း ဆုအတွက် ရွေးချယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း- ၀၁-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၀၁-၂၄၉၂၃၀နှင့် ဌာနခွဲမှူး(စီမံ) (တာဝန်ခံ) ဖုန်း-၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်သတင်းပို့ကြရန်နှင့် (၅လက်မ× ၇လက်မ) ရောင်စုံဓာတ်ပုံတစ်ပုံနှင့် (၁လက်မ×၁လက်မ)အရွယ် ဓာတ်ပုံတစ်ပုံစီ အမြန်ပေးပို့ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။ ၂၀၀၈ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲဝင် ပုံစံနှင့်စည်းကမ်းချက်များကို နယ်မှ မှာယူလိုသူများသည် တံဆိပ်ခေါင်း ကျပ် ၂၀၀(ကျပ်နှစ်ရာတိတိ) ပေးပို့မှာယူနိုင်ပြီး စည်းကမ်းချက်များတွင် ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ပျဉ်းမနား-ရွှေညောင်/လွိုင်ကော်လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့် ရထားအချိန်စာရင်း

နေပြည်တော် နိုဝင်ဘာ ၂၈

**ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းသစ်မှပြေးဆွဲမည့် နေပြည်တော်ပျဉ်းမနား-ရွှေညောင် ရထားအမှတ်-၁၄၁ အဆန်/ ၁၄၂ အစုန်နှင့် နေပြည်တော်ပျဉ်းမနား-လွိုင်ကော် ရထားအမှတ်-၁၄၇ အဆန်/၁၄၈ အစုန်၊ သာစည်-ရပ်စောက် ရထားအမှတ်-၁၄၃ အဆန်/၁၄၄ အစုန် ရထားများအား ၁-၁၂-၂၀၀၈ ရက်မှစ၍ အောက်ပါအချိန်ဇယားအတိုင်း စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။**

### ၁-၁၂-၂၀၀၈ နေ့မှစ၍ နေပြည်တော်ပျဉ်းမနား-ရွှေညောင် လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့် ရထားအမှတ်-၁၄၁ အဆန်/၁၄၂ အစုန် ရထားအချိန်စာရင်း

| စဉ် | ခရီးစဉ် | | ရထားအမှတ် | ထွက်ချိန် | ရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|
| | မှ | သို့ | | | | |
| ၁ | နေပြည်တော်ပျဉ်းမနား | အောင်ပန်း | ၁၄၁-အဆန် | ၂၃း၀၀ | ၁၀း၄၆ | |
| ၂ | အောင်ပန်း | ရွှေညောင် | ။ | ၁၁း၀၀ | ၁၃း၃၅ | |
| ၃ | ရွှေညောင် | အောင်ပန်း | ၁၄၂-အစုန် | ၁၁း၃၀ | ၁၃း၅၉ | |
| ၄ | အောင်ပန်း | နေပြည်တော်ပျဉ်းမနား | ။ | ၁၄း၁၄ | ၀၃း၀၀ | |

### ၁-၁၂-၂၀၀၈ နေ့မှစ၍ နေပြည်တော်ပျဉ်းမနား-လွိုင်ကော် လမ်းပိုင်းသစ်တွင် ပြေးဆွဲမည့် ရထားအမှတ်-၁၄၇ အဆန်/ ၁၄၈ အစုန် ရထားအချိန်စာရင်း

| စဉ် | ခရီးစဉ် | | ရထားအမှတ် | ထွက်ချိန် | ရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|
| | မှ | သို့ | | | | |
| ၁ | နေပြည်တော်ပျဉ်းမနား | အောင်ပန်း | ၁၄၇-အဆန် | ၂၂း၃၀ | ၀၉း၃၅ | |
| ၂ | အောင်ပန်း | လွိုင်ကော် | ။ | ၀၉း၅၅ | ၂၀း၁၅ | |
| ၃ | လွိုင်ကော် | အောင်ပန်း | ၁၄၈-အစုန် | ၀၅း၄၅ | ၁၅း၀၀ | |
| ၄ | အောင်ပန်း | နေပြည်တော်ပျဉ်းမနား | ။ | ၀၅း၂၀ | ၀၃း၃၀ | |

### ၁-၁၂-၂၀၀၈ နေ့မှစ၍ သာစည်-ရပ်စောက် ခရီးစဉ် ရထားအမှတ်-၁၄၃ အဆန်/ ၁၄၄ အစုန် ရထားအချိန်စာရင်း ပြင်ဆင်ချက်

| စဉ် | ခရီးစဉ် | | ရထားအမှတ် | ထွက်ချိန် | ရောက်ချိန် | မှတ်ချက် |
|---|---|---|---|---|---|---|
| | မှ | သို့ | | | | |
| ၁ | သာစည် | အောင်ပန်း | ၁၄၃-အဆန် | ၀၅း၀၀ | ၁၂း၁၀ | |
| ၂ | အောင်ပန်း | ရပ်စောက် | ၁၄၃-အဆန် | ၁၂း၂၅ | ၁၉း၁၉ | |
| ၃ | ရပ်စောက် | အောင်ပန်း | ၁၄၄-အစုန် | ၀၆း၃၀ | ၁၂း၁၉ | |
| ၄ | အောင်ပန်း | သာစည် | ၁၄၄-အစုန် | ၁၂း၃၄ | ၂၀း၄၅ | |

## သက်ပြည့်ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

တောင်ငူမြို့ အလက(၃)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၀ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်မော်အောင် ဖုန်း -၀၉-၅၀၀၅၄၂၂၊ ဦးမျိုးဆွေ ဖုန်း-၀၅၄-၂၄၃၇၅၊ ဦးအောင်ဘုံ ဖုန်း-၀၉-၅၃၅၁၄၄၉၊ ဦးကျော်သန်း ဖုန်း-၀၅၄-၂၃၀၀၈နှင့် ဦးထွန်းကြည် ဖုန်း-၀၅၄-၂၃၃၉၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ပြည်တွင်းအခွန်စာရေးဝန်ထမ်း မွမ်းမံသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း တက်ရောက်၍ သင်တန်းဆင်းပွဲ အမှာစကားပြောကြားပြီး**(ယာပုံ)** ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့်သင်တန်းသား၊သင်တန်းသူ ၅၀တို့ တက်ရောက်ကြကြောင်း သိရသည်။

(ပြည်တွင်းအခွန်)





## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၉-၁၁-၂၀၀၈ (စနေနေ့)**

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် ဂျူမုံမင်းသားလေး အပိုင်း(၁)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် ပန်းရောင် (လူမင်း၊ သက်မွန်မြင့်)
၂း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၇။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာ တစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး အပိုင်း (၂၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် အပိုင်း(၁၈) ဇာတ်သိမ်း
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ
# ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ ဆက်လက်ကျင်းပသည်။**

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ သိန်းဇော်မြင့်(KM Golf Centre)နှင့် ဇော်ဇော်လတ်(SRIXON)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

စိုးကျော်နိုင်(SRIXON)နှင့် မင်းနိုင်(SRIXON)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး ဇော်ဇင်ဝင်း(SRIXON)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၅ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရန်မျိုးအေးနှင့်ဇော်လတ်တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၀ စီဖြင့် ဒုတိယလိုက်နေကြပြီး မျိုးဝင်းအောင်နှင့် ခင်မောင်အေးတို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၅၂ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးရိုက်အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd., KBZ Bank Ltd., Alpine Purified Drinking Water, Dagon Brewery Co., Ltd., MY Associates Co., Ltd., Srixon, KM Golf Centre, ACCEL International Co., Ltd. (Canon) နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

နိုဝင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဒုတိယနေ့ ပြိုင်ပွဲတွင် ဦးဆောင် ကစားလျက်ရှိသော သိန်းဇော်မြင့်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၀၈ (စနေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ‘‘တရားစုဆောင်းအဖော်ကောင်း’’ တရားတော် (ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ) |
| ၈း၀၀ - ၂း၀၀ | တန်ဆောင်တိုင်ခါ ပြင်ဦးလွင်မှာ |
| ၈း၃၀ - ၂း၃၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၅၅ - ၂း၅၅ | ရွှေဖြူဟုခေါ်သည် (အပိုင်း-၂) |
| ၉း၂၀ - ၃း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀- ၃း၃၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | မြတ်ဗုဒ္ဓအလိုတော်ကျချမ်းသာစစ်ချမ်းသာမှန်ရရှိစေမည့် တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D] |
| ၁၀း၂၅ - ၄း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ - ၄း၃၀ | ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ |
| ၁၀း၅၀ - ၄း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၀၀ - ၅း၀၀ | Golf ချစ်သူများအတွက်သတင်းအချက်အလက် |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာ S.S ခင်မောင်အေးနှင့်တွေ့ဆုံခြင်း) |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ |
| ၁၁း၅၅ - ၅း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ - ၆း၀၀ | သွားမယ်စားမယ် (365 Cafe) |
| ၁၂း၂၀ - ၆း၂၀ | ကမ်းခြေဟိုတယ်တစ်ခု၏ဗိသုကာအနုပညာ |
| ၁၂း၃၅ - ၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | Shopping Guide (ရွှေပြည်တန်ပိုးထည်တိုက်) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၂၅ | Middlesbrough - Newcastle | ESPN(Live) |
| | Aston Villa - Fulham | STAR SPORTS (Live) |
| ၁၁း၅၅ | Sunderland - Bolton | ESPN (SDD) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Juventus - Rggina | 5-Cartoons (Live) |

### FA Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၃၀ | Bournemouth - Blyth Spartans | STAR SPORTS(Live) |

## “ငွေဆောင်အလှ သဘာဝ” ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)က ကြီးမှူးကျင်းပမည့် “ငွေဆောင်အလှ သဘာဝ” ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် လေးပုံတင်သွင်းနိုင်ပြီး ပြိုင်ပွဲဓာတ်ပုံ အရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ) ထက်မငယ်ရ၊ (၁၂ လက်မ × ၁၈ လက်မ)ထက် မကြီးစေရ။ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ဆုရရှိပါက ဆုရပုံ၏ မူရင်းနဂ္ဂတစ် File များကို ဆုကြေညာပြီး ခုနစ်ရက်အတွင်း တင်ပြနိုင်ရမည်။ ပြိုင်ပွဲဆုကြေးမှာ ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၂ ဆု တစ်ဆုလျှင် ငွေကျပ်ငါးသောင်းစီ ချီးမြှင့်မည်။ ပြိုင်ပွဲပုံများကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၅နာရီအရောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း (၂၇/၂၉)၊ ၃၅ လမ်းအောက် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇သို့ လိပ်မူ၍ ပေးပို့ရမည်။ အသေးစိတ် စည်းကမ်းချက်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြောက်ပိုင်းဒေသ ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၉ရက်ညနေထိ ခန့်မှန်းချက်။** ။ တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ဒီဇင်ဘာလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၅ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်)၂၇-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်(၆၃ဒီဂရီဖာရင်ဟိုက်) ၂၈-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၅ ရာခိုင်နှုန်း ၂၈-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၁၀ ဒသမ ၀ နာရီခန့် ၂၇-၁၁-၂၀၀၈

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၅ နာရီ မိနစ် ၂၀၊ ၄၈စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၆၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ(အင်ဒိုနီးရှားနိုင်ငံ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၆ဒသမ၀)အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ရင်ခုန်စွာစောင့်ကြည့်ရမည့် လန်ဒန်ဒါဘီပွဲနှင့် မန်ချက်စတာဒါဘီပွဲ

### ပရီမီယာလိဂ်ပွဲစဉ်(၁၅) နိုဝင်ဘာ ၂၉၊ ၃၀၊ ဒီဇင်ဘာ ၂

**ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်တွင် ချယ်လ်ဆီးနဲ့ အာဆင်နယ် ထိပ်တိုက်တွေ့မယ့် လန်ဒန်ဒါဘီပွဲ၊ မန်စီးတီးနဲ့မန်ယူ ယှဉ်ပြိုင်ရမယ့် မန်ချက်စတာ ဒါဘီပွဲတွေ ပါဝင်နေပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ပွဲစဉ်များဟာ ပရိသတ်ရဲ့အာရုံကို ဖမ်းစားနိုင်ဦးမှာပါ။**

**မန်စီးတီး-မန်ယူ**

ယမန်နှစ်က အိမ်ကွင်းရောအဝေးကွင်းမှာပါ နှစ်ကျော့လုံး ရှုံးနိမ့်ထားတဲ့ မန်ယူတို့ ဒီတစ်ကြိမ်မှာ ရှုံးကြွေးဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။ နှစ်သင်းလုံးတိုက်စစ်ကောင်းပြီး ကွင်းလယ်အားကလည်း ညီမျှမှု ရှိပါတယ်။ အိုင်ယာလန်၊ အီလာနို၊ ရိုက်ဖိလစ်နဲ့ ရော်ဘင်ဟိုတို့ ရှိတဲ့ မန်စီးတီးဟာ မန်ယူကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်စွမ်း ရှိပါတယ်။ နောက်တန်းနဲ့ဂိုးမှာ မန်ယူက သာတယ်လို့ဆိုရမှာပါ။ လက်ရှိခြေစွမ်းမှာလည်း အိမ်ရှင်မန်စီးတီးထက် မန်ယူတို့က သာပါတယ်။ ဒါပေမဲ့ ပြိုင်ဆိုင်မှု ပြင်းထန်လေ့ရှိတဲ့ မန်ချက်စတာဒါဘီပွဲဖြစ်တာကြောင့် မန်ယူအနိုင်ရရင်တောင် ခက်ခက်ခဲခဲ ကစားပြီးမှ ကပ်နိုင်မယ့် အနေအထားပါ။

**ချယ်လ်ဆီး-အာဆင်နယ်**

ဒီတစ်ပတ်ရဲ့ ဒုတိယပြိုင်ဆိုင်မှု အပြင်းထန်ဆုံးဖြစ်မယ့် လန်ဒန်ဒါဘီပွဲပါ။ ဒီပွဲပြီးရင် ကြားရက်မှာ အာဆင်နယ်က ဘန်လေနဲ့ ကားလင်းဖလားကွာတားဖိုင်နယ် ကစားဖို့ ရှိနေပါတယ်။ ချယ်လ်ဆီးကတော့ ကားလင်းဖလားပြိုင်ပွဲက ထွက်ခဲ့ရပြီ ဖြစ်တာကြောင့် ဒီပရီမီယာလိဂ်ကိုပဲ အာရုံစိုက်ဖို့ ရှိနေပါတယ်။ လက်ရှိ လူအင်အား၊ ကစားအားနဲ့သမ္မာမှာ ချယ်လ်ဆီးက သာပါတယ်။ လီဗာပူးနဲ့ အမှတ်တူနေတဲ့ ချယ်လ်ဆီးတို့ဇယားထိပ်မှာ ဆက်လက် ရပ်တည်နိုင်ရေးအတွက် ခြေကုန်ထုတ်လာမှာပါ။ ဒါကြောင့် လန်ဒန်ဒါဘီပွဲမှာ အိမ်ရှင်ပရိသတ်တို့ ပြုံးပျော်ခွင့် ရသွားနိုင်ပါတယ်။

**လီဗာပူး-ဝက်စ်ဟမ်း**

ဒီနှစ် လီဗာပူးဟာ အသင်းခေါင်းဆောင် ဂျရတ်၊ ရီအဲရာ၊ တောရက်စ်၊ ရော်ဘီကိန်းနဲ့ ဒရက်ကောက်တို့ရဲ့ အစွမ်းနဲ့ ချန်ပီယံဆုဖလားကို ခြိမ်းခြောက်နိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။ နည်းပြလက်သစ်ဇိုလာရဲ့ ဝက်စ်ဟမ်းခြေကတော့ သာမန်အဆင့်ထက်မပိုပါဘူး။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဖူလ်ဟမ်ကို ဂိုးမရှိသရေကျခဲ့တဲ့ လီဗာပူးတို့ ဒီတစ်ကြိမ်အိမ်ကွင်း အန်းဖီးလ်မှာ အနိုင်ပွဲ မဖြစ်မနေပြန်ရှာတော့မှာပါ။ ယမန်နှစ်ကလောက် ဂိုးမပြတ်နိုင်ပေမယ့် အိမ်ရှင်သုံးမှတ်အပြည့်ရမယ့်ပွဲလို့ ဆိုချင်ပါတယ်။

ယခုတစ်ပတ်ပွဲစဉ်များတွင် ဗီလာ၊ နယူးကာဆယ်၊ပို့စ်မောက်၊ဟူးလ်စီးတီး၊ ဆန်းဒါးလန်း၊ စပါးနဲ့ ဝီဂန်တို့ဟာ ရမှတ် မဆုံးရှုံးနိုင်တဲ့အသင်းတွေဖြစ်လာနိုင်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၁၅) ကစားမယ့်ပွဲများမှာ နိုဝင်ဘာ ၂၉ ရက် (ယနေ့)တွင် ဗီလာနဲ့ ဖူလ်ဟမ်၊ မစ်ဒယ်ဘရော့နဲ့ နယူးကာဆယ်၊ စတုတ်စီးတီးနဲ့ ဟူးလ်စီးတီး၊ ဆန်းဒါးလန်းနဲ့ ဘော်လ်တန်၊ ဝီဂန်နဲ့ ဝက်စ်ဘရွန်း၊ နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့)တွင် မန်စီးတီးနဲ့ မန်ယူ၊ ပို့စ်မောက်နဲ့ ဘလက်ဘန်း၊ စပါးနဲ့အဲဗာတန်၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်၊ ဒီဇင်ဘာ ၂ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင် လီဗာပူးနဲ့ ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

**ဝင်းတင်(ကြေးမုံ)**

# မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က မြှင့်တင်ချီးမြှောက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရသူများ ဝမ်းမြောက်ဂုဏ်ယူ

တွေ့ဆုံမေးမြန်း - ဝင်းနိုင်(ကြေးမုံ)၊ မှတ်တမ်းဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၂၈

**အမျိုးသားယဉ်ကျေးမှု၏ ပင်မမဏ္ဍိုင်ဖြစ်သည့် စာပေလောက ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် အစဉ်မြှင့်တင်ချီးမြှောက်လျက်ရှိရာ ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေ ဆုရစာရင်းကို သက်ဆိုင်ရာက နိုဝင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဆုရရှိခဲ့သည့် စာပေပညာရှင်များမှ စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာပေအတွေ့အကြုံ၊ အယူအဆ၊ ခံစားမှုများနှင့်စပ်လျဉ်း၍ စာဖတ်ပရိသတ်များထံ အသိပေးတင်ပြနိုင်ရန် ကြေးမုံသတင်းအဖွဲ့သည် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ ပုဂ္ဂိုလ်များအား အိမ်တိုင်ရာရောက် သွားရောက်ကာ သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

ရွှေဦးစွာ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းအား ၎င်းနေထိုင်ရာ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳




**တက္ကသိုလ် စိန်တင်၏ အမျိုးသားစာပေ (စာပဒေသာ) ဆုရ စာအုပ်မျက်နှာဖုံး။**




ဘာသာပြန်-ရသ

**တင်မောင်မြင့်၏ အမျိုးသားစာပေ (ဘာသာပြန်-ရသ) ဆုရ အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ စာအုပ်မျက်နှာဖုံး။**




**စန္ဒာခင် (ရွှေဟောင်းသုတေသန)၏ အမျိုးသားစာပေ (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ဆုရ နံရံပန်းချီမှ ပြောသော ပုဂံခေတ် ပုံရိပ်များ စာအုပ်မျက်နှာဖုံး။**

## ၂၀၀၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသည့် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ၂၀၀၇ ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။**

ဝတ္ထုရှည်ဆုတွင် ပထမဆုကို သုသိဏ်၏ 'မြမြစ်နဒီ'ကလည်းကောင်း၊ ဒုတိယဆုကို မင်းဗေဒါ (ပွင့်ဖြူ)၏ 'ရင်မှာဖြစ်သည့် ချစ်ခြင်းတစ်သစ္စာ'ကလည်းကောင်း၊ တတိယဆုကို မြေလတ်မင်းလွင်၏ 'ချိုသောဘဝ လှသောပင်လယ်'ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သွဲ့ထားညို(သက္ကလ)၏ 'ပင်လယ်ခေါ်သံနှင့် အခြားဝတ္ထုတိုများ'ကလည်းကောင်း၊ ဒုတိယဆုကို ခင်လပြည့်ဝန်း၏ 'အမေနှင့်နေခဲ့ရသည့် နေ့ရက်များ'ကလည်းကောင်း၊ တတိယဆုကို မြတ်နိုးအိမ်(ဇွဲကပင်)၏ 'ပင်လယ်ထက်က ရေချိုတစ်စက်နှင့် အခြားဝတ္ထုတိုများ'ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို အေးကြည်စိန်၏ 'တံလျှပ်နယ်မှ တဒင်္ဂများစွာ'က လည်းကောင်း၊ ဒုတိယဆုကို ကျော်ဇေယျာလှိုင် (စီးပွားရေးတက္ကသိုလ်)၏ 'စုန်ရေ ဆန်ရေ စိမ့်စမ်းရေနှင့် အခြားကဗျာများ'က လည်းကောင်း၊ တတိယဆုကို မောင်နီမှိုင်း(ကျောက်တန်း)၏ 'အမေနေတဲ့ ရွာကလေးနှင့် အခြားကဗျာများ'ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တွင် ပထမဆုကို ထင်လင်းကျော်၏ 'အောင်ဘာလေထီသမိုင်း'က လည်းကောင်း၊ ဒုတိယဆုကို စောကြူမောင်(ယောမြေ)၏ 'ယောဓလေ့'ကလည်းကောင်း၊ တတိယဆုကို မောင်ယဉ်လှိုင် (ပျဉ်းမငြိုင်)၏ 'မြန်မာ့သမိုင်းဝင်ခံတပ်များနှင့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ'က လည်းကောင်း ရရှိကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❑

# ပဲခူးတိုင်းအတွင်း မိုးစပါးများ လှိုင်လှိုင်ထွက်ရှိ တွက်ခြေကိုက်ပြီး အမြတ်ရသည့်ဈေးနှုန်းဖြင့် တောင်သူများရောင်းချ

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်)

ပဲခူးမြို့မှအထွက်တွင် မိုးဖွဲဖွဲရွာနေသည်။ မိုးမှုန်မိုးဖွဲလေးများနှင့်အတူ လယ်ကွင်းများမှ ဖြတ်တိုက်လာသော သန့်ရှင်းလတ်ဆတ်သည့် လေနုလေအေးကို ရှူရှိုက်ရသည်မှာ ရင်ဝယ် အေးမြမြရှိလှသည်။ ယနေ့ သနပ်ပင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့သို့ ခရီးဆက်ရမည်ဖြစ်ရာ နံနက်စောစော သနပ်ပင်မြို့နယ်သို့ ပထမ ခရီးစဉ်အဖြစ် သတင်းအဖွဲ့ ထွက်ခွာခဲ့သည်။

ပဲခူးမြို့နှင့် သနပ်ပင်မြို့နယ်မှာ ခုနစ်မိုင်မျှသာ ဝေးကွာသည်။ ကားလမ်းမှာ ညီညာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁



**ညောင်လေးပင်မြို့နယ် စံပြစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို ဤသို့တွေ့ရစဉ်။**